အလယ်ချောင်းကျေးရွာ
ဝွမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အလယ်ချောင်းကျေးရွာ၊ ဝွမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

အလယ်ချောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝွမြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမ ဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍ အသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦအား လက်လှမ်းမီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာရေးလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂
(၁) အလယ်ချောင်းကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) အလယ်ချောင်းကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၅

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၈

ကိုးကားစာရင်း ၇၃

အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက် ၇၄
စီမံကိန်းဆိုင်ရာ အချက်အလက် ပုံစံ


<u>စကားချီး</u>

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ ကျေးရွာလူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်နိုင်ရန်အတွက် ရရှိင်ပြည်နယ်အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍လည်း လုပ်ငန်းပိုင်းဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အလယ်ချောင်းကျေးရွာ၊ငွမြို့နယ်

<u>အလယ်ချောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဂွမ်မြို့နယ်</u>



အပိုင်း (က)
ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော

အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

အလယ်ချောင်းကျေးရွာသည်၊ ဘင်္ဂလားပင်လယ်ကမ်းစပ်နှင့်(၅)ကီလိုမီတာ အကွာတွင်ရှိသော ကျေးရွာဖြစ်ပြီး၊ ရခိုင်ပြည်နယ်၏တောင်ဘက် ဖျားတွင်တည်ရှိပါသည်။ ကျေးရွာ၏နေအိမ်အဆောက်အဦးများသည် ရန်ကုန်-ဝ-သံတွဲကား လမ်းမကြီး၏ လက်ဝဲဘက်တွင်ကပ်လျက်ရှိပြီး ကျေးရွာ၏ မြောက်ဘက်ကပ်လျက်တွင် ရခိုင်ရိုးမ၏ တောင်စွယ်တောင်တန်းများ ရှိကြပါသည်။ ကျေးရွာသည် ဂွမြို့မှ (၈)ကီလိုမီတာအကွာတွင်ရှိပြီး တစ်နှစ်ပတ်လုံး ကား၊ ဆိုင်ကယ်များ သွားလာနိုင်ပါသည်။ ကျေးရွာသည် တစ်နှစ်ပတ်လုံး မိုးရေချိန်လက္ခ(၂၁၀) ဝန်းကျင်ရရှိပြီး ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတု ဖြစ်ပါသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ ရခိုင်ရိုးမတောင်စွယ်များမှ ပင်လယ်ကမ်းစပ်သို့ တဖြည်းဖြည်းချင်း ညီညာပြန့်ပြူးစွာ နိမ့်ဆင်းသွားသော အနေထားဖြစ်ပါသည်။စိုက်ပျိုးမြေ အမျိုးအစားမှာ နုံးတင်မြေနုအများစုဖြစ်သော်လည်း တစ်ချို့နေရာများတွင် သဲများကျောက်စရစ်များ ရောနှောနေသည်ကို တွေ့ရပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

စိုက်ပျိုးမြေများမှာ မြေဩဇာအထိုက်အလျောက် ကောင်းမွန်သောမြေများ ဖြစ်ကြပါသည်။ ကျေးရွာမြောက်ဘက် ကပ်လျက်ရှိသော ရခိုင်ရိုးမ၏ တောင်စွယ်တောင်တန်းများမှ နေအိမ်အတွက် အသုံးပြုရန် တောသစ်များနှင့် ထင်းလောင်စာများကို ရရှိနိုင်ပါသည်။ ကျေးရွာဝန်းကျင်တွင် ညီညာပြန့်ပျူးသော မြေလွတ်မြေရိုင်းများ မရှိခြင်းတို့ကြောင့် စိုက်ပျိုးမြေများထပ်မံ တိုးချဲ့ရန် မဖြစ်နိုင်ပါ ။ ကျေးရွာနှင့် တစ်မိုင်ခန့်ကွာဝေးသော တောင်စွယ်တွင် နွေရာသီ၌ စိမ့်စမ်းရေရရှိနိုင်သော ရေအရင်းအမြစ်ရှိပြီး ကျေးရွာအတွက်သောက်သုံးရေဖြစ် အသုံးချနိုင်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မ(၂၁၀)ဝန်းကျင်ရရှိပြီး မိုးစပါးစိုက်ပျိုးရန်အတွက် ရေလုံလောက်မှု ရှိပါသည်။ ကျေးရွာဝန်းကျင်တွင် နွေရာသီ၌ စိုက်ပျိုးရေရရှိနိုင်သော ဆည်မြောင်းတာတမံများ မရှိပါ။ ကျွဲ၊ နွား၊ ဆိတ် များအတွက် စားကျက်မြေ သတ်သတ်မှတ်မှတ်မရှိသော်လည်း လယ်ယာမြေများ အနှီးအနှေားတွင်ရှိသောနွယ်၊ မြက်များမှာ တိရိစ္ဆာန်အစာအတွက် လုံလောက်မှုရှိပါသည်။ လမ်း၊ တံတားဆောက်လုပ်ရေးအတက် အသုံးပြုရန် သဲကျောက်များကို ကျေးရွာအနီးရှိ ရေချောင်းတွင် အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝ ပေါက်ပင်များအနေဖြင့် မိုးသစ်တော ပေါက်အပင်များ၊ ဒီရေတောသစ်ပင်များ ပေါက်ရောက်လေ့ရှိပြီး၊ (၅)ကီလိုမီတာကွာဝေးသော ပင်လယ်ပြင်တွင် ရေငန်ငါးသယ်ဓာတများစွာ ရှိကြပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်လက်များ

ကျေးရွာတွင်အိမ်ထောင်စု(၉၁)စုရှိပြီး လူဦးရေစုစုပေါင်း(၃၇၁)ဦးရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင်(၄)ဦး အထိရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်လူဦးရေသည် စုစုပေါင်း လူဦးရေ၏ ၆၃.၁% ရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၂.၅%)ခန့် ပိုများပါသည်။ ကျေးရွာသားအများစုမှာ ရခိုင်/ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြပြီး ဗမာအနည်းငယ် ရှိပါသည်။ အသက်(၁၅)နှစ်အောက်နှင့် အသက်(၆၀)အထက် လူအရေအတွက်သည် လူဦးရေ စုစုပေါင်း၏ ၃၆.၉%ရှိပြီး မှီခိုသူများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA)ကို အသုံးပြု၍ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲကြပါသည်။ အိမ်ထောင်စု(၉၁)စု၏ ၆၃.၈% သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ ၃၆.၂%ခန့်မှာ ချမ်းသာသူများနှင့် အလယ်အလတ် အိမ်ထောင်စုများ ဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသော သူများသည် မြေယာမဲ့များ၊ စိုက်ပျိုးမြေ နှစ်ဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်း အလုပ်သမားများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေ (၅) ဧက အထက် ပိုင်ဆိုင်သူများ၊ လက်တွန်းထွန်စက်၊မော်တော် ဆိုင်ကယ် ပိုင်ဆိုင်သူများ ကျွဲ/နွားငါးကောင်နှင့် အထက်၊ ရွေငါးကျပ်သားအထက်ပိုင်ဆိုင် သူများဖြစ်ကြသည်။ ကျွဲ၊ နွား၊ စိုက်ပျိုးမြေနှင့် ရွှေငွေ ရတနာပိုင်ဆိုင်မှု အနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် အိမ်ထောင်စု (၉၁)အိမ်ရှိသည့်အနက် (၅၈)အိမ်သည် ဥစ္စာဓန ခွဲခြားမှုပြုလုပ်ရာတွင် ဆင်းရဲနှင့် အဆင်းရဲဆုံး အိမ်ထောင်စုများဖြစ်သော အဆင့်(၃နှင့်၄)များ ဖြစ်ကြပါသည်။ ၄င်းအိမ်ထောင်စုများမှ (၃၀%)ဖြစ်သော(၁၅) အိမ်အား လွန်ခဲ့သော(၁)နှစ်က စားနပ်ရိက္ခာဖူလုံမှု အနေအထားနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည် နည်းလမ်းမျိုးစုံသုံး၍ နေ့စဉ်ထမင်းအနပ်ရေ(၃)နပ် ပြည့်မှီအောင် ကြိုးစားပြီး ဈေးနှုန်းချိုသာသော ဆန်များကို အဓိကထား စားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန်အတွက် အကြွေးတင်ရှိမှုမှာ ငါးသောင်းမှလေးသိန်းအထိ ရှိပါသည်။(၁၅) အိမ်အနက် အိမ်ထောင်စု(၁၁) အိမ်သည် တစ်နှစ်လျှင် အများဆုံး (၃)လခန့်အထိ၊ (၂)အိမ်သည်(၅)လခန့်အထိနှင့် အခြား(၂)အိမ်သည်(၇)လခန့် အထိသာ ငွေမချေးဘဲ၊ ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲ ထမင်းကိုနေ့စဉ်ပုံမှန်အတိုင်း စားသုံးနိုင်သောကာလများ ဖြစ်ပါသည်။ ၄င်းတို့သည် တစ်နှစ်ပတ်လုံးဝမ်းစာ ဖူလုံစေရန်အတွက် ဆွေမျိုးသားချင်းများထံတွင်

ချေးယူခြင်း၊ ရာသီလိုက်လုပ်ငန်းများလုပ်ကိုင်ခြင်း စျေးဆိုင်များမှ အကြွေးယူခြင်း များပြုလုပ်ရပါသည်။ဝမ်းစာအခက်ခဲဆုံးကာလများမှာ နယုန်လမှ တော်သလင်းလအထိ ဖြစ်ပါသည်။

အမျိုးသမီး ဦးဆောင်သော ဆင်းရဲသာမိသားစုများသည် စားနပ်ရိက္ခာ လုံလောက်မှု မရှိခြင်း၊ လူမှုရေးနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။ မြေယာမဲ့ ဆင်းရဲသား ကျပန်းမိသားစုများသည် ပုံမှန်ဝင်ငွေရနိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်း၊ စားနပ်ရိက္ခာ လုံလောက်မှု မရှိခြင်းနှင့် ကြုံတွေ့ရနိုင်ပါသည်။ အလယ်အလတ်တန်း တောင်သူများနှင့် တောင်သူကြီးများသည် ၎င်းတို့၏လယ်ယာမြေများ၌ လေမုန်တိုင်း ကျရောက်ချိန်တွင် မိုးများစွာရွာသွန်းခြင်း၊ လယ်ကွင်းများတွင် သီးနှံပိုးမွှားရောဂါများ ကျရောက်ခြင်း မိုးနှောင်းကာလတွင် ရေနက်ကွင်းလယ်များတွင် ဆားငန်ရေဝင်ရောက်ခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ် များကြောင့် သီးနှံအထွက်နှုန်းလျော့ကျစေနိုင်မှု အခြေအနေ မြင့်မားပါသည်။ထို့ပြင် တောင်သူအများစုသည် ခါတုမြေဩသုံးစွဲလာကြသောကြောင့် မြေဆီလွှာ အရည်အသွေးကို အတိုင်းအတာ တစ်ခုအထိ ထိခိုက်လာပါသည်။ အချုပ်အားဖြင့် မုန်တိုင်းကျရောက်တတ်ခြင်း၊ ရေနက် ကွင်းလယ်များတွင် ဆားငန်ရေဝင်ရောက်ခြင်းနှင့် ဝမ်းစာမဖူလုံမှုမှာ ကျေးရွာအတွက် ထိခိုက်လွယ်နိုင်ဆုံးသော အန္တရာယ်များပင် ဖြစ်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာရှိကလေးငယ်အများစုသည် တာဝန်ကျသားဖွားဆရာမ၏ ဂန်ဆာင်မှုဖြင့် ရောဂါကာကွယ်ဆေးများ ပြည့်မီအောင် ရရှိကြပါသည်။ ပင်လယ်ထွက်ကုန်များဖြစ်သော ငါး/ပုဇွန်များ အလွယ်တကူ လက်လှမ်းမှီမှုကြောင့် ကျေးရွာသူ/သားများအားလုံး ယေဘုယျအားဖြင့် အာဟာရပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။ အဖြစ်များသောရောဂါများအနေဖြင့် သာမန်ရောဂါများ ဖြစ်သော သဲဝဲစွဲရောဂါ ၊တီဘီရောဂါ၊ တုတ်ကွေး၊ ငှက်ဖျားရောဂါ တို့ဖြစ်ပါသည်။ လွန်ခဲ့သော (၇)နှစ်ခန့်က ငှက်ဖျားရောဂါသည် ကျေးရွာတွင် အဖြစ်များပြီး လူသေဆုံးမှုများခဲ့သော်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကြိုးကြပ်မှုဖြင့်(၂၀၁၂)ခုနှစ်မှစ၍ ကျေးရွာအဆင့် ငှက်ဖျားတိုက်ဖျက်ရေး စေတနာ့ဝန်ထမ်းတစ်ဦးမွေးထုတ်၍ စနစ်တကျ ဆောင်ရွက်သောကြောင့် ငှက်ဖျား ရောဂါ ဖြစ်ပွားမှုသည် တဖြည်းဖြည်းလျော့ကျသွားပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ စာသင်ကျောင်းကို ၁၉၆၂ခုနှစ်ကတည်းကစတင်၍ ဖွင့်လှစ်သင်ကြားခဲ့သောကြောင့် အသက်(၆၀)ကျော် အဖိုးအဖွား(၂၀)ဦးမှအပ ကျန်သော ကျေးရွာသားများ အားလုံးနီးပါး အခြေခံအားဖြင့် ရေးနိုင်ဖတ်နိုင်ကြပါသည်။ ကျေးရွာသားတွင်(၉)နှစ်အထက်လူဦးရေစုစုပေါင်း၏ (၅၆.၄%) သည် မူလတန်းပညာပြီးဆုံး၍ (၁၅.၉%)သည် အလယ်တန်း ပညာပြီးဆုံးပြီး၊ (၅.၆%)သည် အထက်တန်း ပညာရေးပြီး ဆုံးကြပါသည်။ ကျေးရွာတွင် ဘွဲ့ရပြီးသူ (၉) ဦးရှိပြီးအစိုးရဝန်ထမ်း(၄) ဦးရှိပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲစသည့် တိရိစ္ဆာန်များမွေးမြူသည့် လုပ်ငန်းကိုလည်း လုပ်ကိုင်ကြပါသည်။ ဓနိသက်ကယ်ခုတ်ခြင်း၊ သက်ကယ်ရက်လုပ်ခြင်း

လုပ်ငန်းများကို မိသားစုအသုံးပြုရန်အတွက် လုပ်ကိုင်ကြ၍ ကျေးရွာသားအများစုမှာ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှအပ အခြားသောအသက်မွေးဝမ်းကျောင်း ပညာရပ်များတတ် မြောက်မှု အားနဲကြပါသည်။ စိုက်ပျိုးမြေ မပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ကျေးရွာရှိ တောင်သူ ကြီးများအပေါ်တွင် အဓိကမှီခို၍ အငှားလုပ်သားများအဖြစ် ရာသီအလိုက်လုပ်ကိုင်ကြပါသည်။

(စ) ကျားမ ဆက်နွယ်မှု

အလယ်ချောင်းကျေးရွာလူဦးရေစုစုပေါင်းတွင် အမျိုးသားလူဦးရေသည် အမျိုးသမီးလူဦးရေ ထက်အနည်းငယ်ပိုပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသား/သမီး တစ်ဦးလျှင် လုပ်အားခ အဖြစ် တစ်နေ့လျှင် (၂,၀၀၀)ကျပ် (၃,၅၀၀)ကျပ် အလုပ်အမျိုးအစား ပေါ်မူတည်ပြီး ရရှိကြပါသည်။ အမျိုးသား အများစုမှာ မြေပြင်ခြင်း၊ လယ်ထွန်ခြင်းနှင့် ပျိုးနှုတ်ခြင်း၊ ဓနိခုတ်ခြင်း စသည့် လုပ်ငန်း များတွင် အဓိကလုပ်ကိုင်ကြပြီး အမျိုးသမီးအများစုမှာ ကောက်စိုက်ခြင်း၊ လမ်းခင်းလုပ်ငန်းတွင် အငှားလိုက်ခြင်း၊ ဓနိရက်လုပ်ခြင်း (မိမိအိမ်တွင်အသုံးပြုရန်) စသည့် ရာသီအလိုက်ဝင်ငွေရ လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ် ရာတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှု အားနည်းလေ့ရှိပြီး လက်ရှိအချိန်အထိ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူလတ်ပိုင်းအမျိုးသားများကသာ ဦးဆောင်လေ့ရှိကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

အလယ်ချောင်းကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များမှာ ကျေးရွာ လူငယ်အဖွဲ့၊ မိခင်နှင့်ကလေးစောင်ရှောက်ရေးအဖွဲ့ ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၊ (VCC)၊ စိုက်ဘဏ်အဖွဲ့ ၊ကျောင်းကော်မတီတို့ဖြစ်ကြပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ပူး ပေါင်း ဆောင်ရွက်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်ဖွံ့ဖြိုး ရေးအဖွဲ့ကို ၂၀၀၇ ခုနှစ်မှစတင်၍ နာယက(၆)ဦးဖြင့် စတင်ဖွဲ့စည်းပြီး ယခုအခါ အဖွဲ့ဝင် (၆၂)ဦးထိ ရှိလာကာ လူငယ်များအတွက် ချေးငွေများထုတ်ချေးပေးခြင်းကဲ့သို့သော လုပ်ငန်းများ အပြင် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးနှင့် ကျေးရွာမီးလင်းရေး ကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ လူနေမှုဘဝမြှင့်တင်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တန်ဘိုးများပြန်လည်ထူထောင်ရေး စီမံကိန်း (MERN Project) ၏ အစီအစဉ်ဖြင့် ၂၀၁၁ ခုနှစ်တွင် VCC ခေါ် ကျေးရွာသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို အမျိုးသား (၅)ဦးဖြင့်ဖွဲ့စည်းပြီး အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း၊ ဒီရေတောများ ထိန်း သိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းကျင်းပ ခြင်းများ ဆောင်ရွက်ကြပါသည်။ VCC၏ဦးဆောင် မှုဖြင့်ကျေးရွာပိုင် ဒီရေတော (၂၀၀)ဧကကို နှစ် (၃၀)ဂရံ အသိအမှတ်ပြု လက်မှတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာပိုင် ကုန်းလယ် (၂၄၈)ဧကဝန်းကျင်၌ မိုးရာသီ၌စပါးကို စိုက်ပျိုးပြီး စပါးအထွက်နှုန်းမှာ (၁)ဧကလျှင် (၅၀)တင်းဝန်းကျင်ထွက်ရှိပါသည်။ ဆောင်းရာသီတွင် ကျန်ရှိသော မြေအစိုဓာတ်ပေါ်မူတည်၍ တစ်ချို့လယ်များ၌ မြေပဲ၊ ငရုတ်နှင့် မီးဖိုချောင်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြပါသည်။ ကျေးရွာ၏အဓိကသီးနှံမှာ စပါးကို မိုးသီးနှံအဖြစ် စိုက်ပျိုးကြပြီး မြေပဲနှင့်ငရုတ်ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ စပါးမျိုးအနေဖြင့် သက်ကြီး စပါးမျိုးများဖြစ်သော ဒေသအခေါ် ကရင်မ၊ ရိုးကြီး၊ ယာထွန်းတို့ကို ရေနက်ကွင်းလယ်မြေများတွင် စိုက်ပျိုးကြပြီး သက်ရင့်စပါးမျိုးအဖြစ် မနောသုခ၊ တဆုတ်ယဉ်တို့ကိုကုန်းဆန်သော လယ်မြေများတွင် စိုက်ပျိုးကြပါသည်။ မြေပဲသည် တစ်ဧကလျှင် (၅၅) တင်းဝန်းကျင် ထွက်ရှိပါသည်။ မျိုးဖိုးငွေ ပမာဏများခြင်း၊ ပေါင်းမြက်များကို(၃)ကြိမ်အထိ သုတ်သင်ရခြင်း၊ အလုပ်သမားခစားကြီးခြင်းတို့ကြောင့် တွက်ချေမကိုက်သော်လည်း မြေပဲကို မိသားစုအသုံးပြုရန်အတွက် စိုက်ပျိုးကြပါသည်။ ကျေးရွာသူရွာသားများသည် ဥယျာဉ်ခြံမြေများတွင် အုန်း၊ ကွမ်းသီးပင်၊ သီဟိုရိပင်နှင့် ဝါးများ စိုက်ပျိုးကြပြီး ကွမ်းရွက်ကို ရေချောင်းနှင့်နီးသောယာမြေများ၌ လွန်ခဲ့သော (၄)နှစ်ခန့်မှစတင် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ ကွမ်းရွက်များကို ဒေသတွင်းရောင်းချနိုင်ပြီး ကွမ်းအညွှန့်များကို ဧရာဝတီတိုင်းမှ လာရောက်ဝယ်ယူကြသကဲ့သို့ ကွမ်းစိုက် တောင်သူများကိုယ်တိုင်လည်း သွားရောက်၍လည်း ရောင်းချလေ့ရှိကြပါသည်။ နွားပိုင်ဆိုသည့် အိမ်ထောင်စုမှာ(၃၆)ရှိပြီး နွားကောင်ရေ စုစုပေါင်း(၁၀၁)ကောင် မွေးမြူထားပါသည်။ ကျွဲကို အိမ်ထောင်စု(၁၃)စုမှ အကောင်ရေ စုစုပေါင်း(၃၄)ကောင် မွေးမြူထားပါသည်။ ကျွဲ၊ နွား မွေးမြူရေးသည် ကျေးရွာသားများအတွက် မိရိုးဖလာလုပ်ငန်းဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်နှင့် ကျွဲ၊ နွား အကောင်ငယ်များကို ရောင်းချနိုင်အတွက် မွေးမြူကြပါသည်။ အိမ်ခြေ(၂၇) အိမ်မှ ဝက်ကောင်ရေ စုစုပေါင်း(၄၉)ကောင်ကို မိသားစုစားသုံးရန်နှင့် အိမ်တွင်း အသုံးစရိတ်အတွက် မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာရှိကျပန်းလုပ်သားများသည်သစ်ခုတ်ခြင်း၊ထင်းခုတ်ခြင်း၊ဝါးခုတ်ခြင်း၊ လမ်းခင်းခြင်း၊ မျှစ်ချိုးခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ သို့သော် တစ်နှစ်ပတ်လုံး ပုံမှန်ဂင်ငွေရသောအလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးကြပါသည်။ ပန်းရံဆရာ(၁)ဦး၊ လက်သမားဆရာ(၁)ဦးသာရှိပြီး ရာသီချိန်တွင်ပုပ်ပြတ် လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ရေငန်ငါးဖမ်းခြင်းလုပ်ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ဂင်ငွေရနိုင်သော လုပ်ငန်းဖြစ်ပြီး ကျေးရွာနှင့် (၅)ကီလို မီတာခန့်ကွာသော ပင်လယ်ပြင်တွင် ရေသယံဇာတများစွာရှိပါသည်။ သို့သော် ကျေးရွာသားများသည် အတွေ့အကြုံနှင့် ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းကို မဆောင်ရွက်နိုင်ကြပါ။ ကျေးရွာရှိ လူငယ်လူရွယ်များသည် အသက်မွေးဂမ်းကြောင်း ပြုနိုင်လောက်သော နည်းပညာများ အားနည်းခြင်း၊ အဆက်အသွယ်များ မရှိခြင်းတို့ကြောင့် ဝင်ငွေကောင်းစွာရသော လုပ်ငန်းများမလုပ်ကိုင်နိုင်ကြပါ။ ဒေသတွင်း နွားရောင်းဂယ်ခြင်း ဈေးကွက်သည် အခွင့်

အလမ်းတစ်ခုအနေဖြင့် ရှိနေသော်လည်းကျေးရွာသားများအတွက် အရင်းအနှီးနှင့် စျေးကွက် ခန့်မှန်းတတ်သောအတွေ့အကြုံမရှိခြင်း စသောအခက်အခဲများစွာ ရှိကြပါသည်။ အချုပ်အားဖြင့် ဆိုရသော် မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှအပ ကျေးရွာတွင် အားကိုးအားထားပြုရ လောက်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရှားပါးကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာသည်ပင်လယ်နှင့်နီးကပ်လွန်းသောကြောင့်လေပြင်း မုန်တိုင်းအန္တရာယ်များ နှစ်စဉ် နီးပါးကြုံတွေ့နေရသော်လည်း စနစ်ကျသောမုန်တိုင်းဒဏ် ကာကွယ်သည့် အစီအစဉ်များ ချမှတ်မထားပါ။ ရခိုင်ရိုးမတောင်စွယ်တောင်တန်းများနှင့် နီးကပ်သော လယ်ယာမြေများတွင် မိုးများလွန်းချိန်၌ တောင်ကျရေနှင့်အတူ သဲ၊ ကျောက်စရစ်များ လယ်ယာမြေများထဲသို့ ကျရောက်တတ်သောကြောင့် မြေပိုင်ရှင်များသည် တောင်ကျချောင်းတားတမံငယ်များ ပြုလုပ်ပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် ဆောင်ရွက်ကြပါသည်။ ကျေးရွာပိုင် ရေနက်ကွင်းလယ်ဧက (၅၇)ဧကတွင် မိုးကုန်ပြီးချိန်မှစ၍ နှစ်စဉ် ဆားငန်ရေဝင်ရောက်တတ်ပြီး ကျေးရွာသားများအနေဖြင့် ဆားငန်ရေ တားတမံများ ကိုယ်ထူကိုယ်ထပြုလုပ်ကာ သီးနှံပျက်စီး ဆုံးရှုံးမှုများလျှော့နည်းနိုင်အောင် ကြိုးစားကြပါသည်။ ကျေးရွာသားများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းကစပြီး တောသစ်များကို ခုတ်ယူ၍ ကျေးရွာသား၏ နေအိမ်များတွင် အသုံးပြုရန်နှင့် အချို့ကို ရောင်းချရန်အတွက် လုပ်ဆောင်ခဲ့ကြသော်လည်း သစ်ပင်များပြန်လည်စိုက်ပျိုးမှု အားနည်းခြင်း၊ အဆမတန် သစ်/ဝါးထုတ်လုပ်ခြင်းတို့ကြောင့် ယခုအခါ သစ်တောများသိသိသာသာ ပြုန်းတီးလာသည်ကို တွေ့ရပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင် မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ကျေးရွာ သားများအတွက် ချေးငွေရရှိနိုင်သောအသင်းအဖွဲ့မှာ လူငယ်ရံပုံငွေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်သမဝါယမအသင်းနှင့် မိတ်ဆွေ/ဆွေမျိုးများတို့ဖြစ်ပါသည်။ ရွှေငွေရတနာရှိသူများအတွက် ဂွမြို့နယ်ရှိ ပုဂ္ဂလိကအပေါင်ဆိုင်များတွင် တစ်လလျှင် (၃) ရာခိုင်နှုန်းဖြင့် ချေးငွေရရှိနိုင်ပါသည်။ လယ်မြေပိုင်ဆိုင်မှုအထောက်အထားရှိ တောင်သူများအနေဖြင့် ဂွမြို့တွင်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) ဘဏ်မှ တစ်လလျှင် (၀.၄၂) ရာခိုင်နှုန်းဖြင့် အများဆုံး (၆)လအထိ ငွေချေးနိုင်ပါသည်။ ကျေးရွာစိုက်ဘဏ် ကော်မတီ၏ ဦးဆောင်မှုဖြင့် MADBဘဏ်မှ လယ်မြေတစ်ဧကလျှင် ငွေကျပ်(၁) သိန်းနှုန်းဖြင့် လယ်သမား (၄၃)ဦး မှ ချေးငွေများ ချေးယူ ထားကြပါသည်။ ချေးငွေအနေအထားအရ ယခုနှစ်တွင်(၅)ဧက ပိုင်ဆိုင်သောတောင်သူတစ်ဦးလျှင် ကျပ်(၃)သိန်းသာရရှိပါသည်။ မြို့နယ်သမဝါယမဦးစီးဌာန အနေဖြင့် ကျေးရွာရှိသမဝါယမ အဖွဲ့အစည်းသို့ (၂)ကြိမ်တိုင် ငွေထုတ်ချေးခဲ့ပါသည်။ အဆိုပါ စိုက်သမအဖွဲ့အစည်းမှ အဖွဲ့ဝင် (၄၅)ဦးအား တစ်ဦးလျှင်(၅၀,၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အာရှဂျပန်ပေါင်းကူးရေးအဖွဲ့(BAJ)၏ ပံ့ပိုးမှုဖြင့် ၂၀၁၃ခုနှစ်တွင် အလျား ၄၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၅ ပေရှိသော မုန်တိုင်းဒဏ်ခံ အဆောက်အဦး (Cyclone Shelter) ပုံစံစာသင်ကျောင်းကို သိန်း(၇၀၀) ဝန်းကျင်ခန့် အကုန်အကျခံကာ တည်ဆောက်၍ မူလတန်းကျောင်းသားများကို ပညာသင်ကြားစေပါသည်။ ထို့ပြင်ကျေးရွာရှိ မူလွန်ကျောင်သား/သူများအတွက် ညောင်ချောင်းကျေးရွာ အထက်တန်းကျောင်းခွဲနှင့် ချိတ်ဆက်ပြီး ဆရာ/ ဆရာမ (၂)ဦးကို ကျေးရွာ အစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထခန့်အပ်ကာ ကျေးရွာတွင် အချိန်ပိုင်း ပြန်လည်သင်ကြားပေးပါသည်။ ကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲစသော သင်ထောက်ကူပစ္စည်းများ လုံလောက်မှု မရှိသည့်အပြင် အတန်းလိုက် အခန်းများကန့်ထားခြင်း မရှိသောကြောင့် ကလေးများပညာ သင်ကြားရာတွင် သက်တောင့်သက်သာမရှိကြပါ။ ကလေးများအတွက် ဘောလုံးကွင်းအဖြစ် ကျောင်းရှေ့တွင်ရှိသော မြေကွက်လပ်ကို အသုံးပြုကြပါသည်။

လက်ရှိစာသင်ကျောင်းတွင် အစိုးရခန့်ဆရာ/ဆရာမ(၅)ဦးရှိပြီး မူလတန်းအဆင့် ကျောင်းသား /သူ(၄၁)ဦး ရှိသောကြောင့် ဆရာမများလုံလောက်မှုရှိပါသည်။ ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် နိုင်ငံတော်မှ ကျောင်းသုံးပုံနှိပ်စာအုပ်များ ပံ့ပိုးပေးထားသည့်အတွက် လုံလောက်မှုရှိပါသည်။ မိဘဆရာအသင်းကို(၇)ဦးဖြင့်ဖွဲ့စည်းထားပြီး ကျောင်နေအရွယ် ကလေးများအားလုံး အချိန်မီကျောင်းအပ်နှံရေး၊ ကျောင်းအားကစားပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။

အလယ်ချောင်းအုပ်စုတွင် အလယ်ချောင်းနှင့် ရွာသစ်ကုန်းဟူ၍ ကျေးရွာ(၂)ရွာ ပါဝင်ပြီး ရွာသစ်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိပြီး သားဖွားဆရာမတစ်ဦး ရှိပါသည်။ သားဖွားဆရာမသည် ရွာသစ်ကုန်းကျေးရွာတွင် အမြဲတမ်း နေထိုင်ပါသည်။ အလယ်ချောင်းကျေးရွာမှ ရွာသစ်ကုန်းကျေးရွာသို့(၂)ဖာလုံခန့်သာ ကွာဝေးပါသည်။ သာမန်ရောဂါများကို ရွာသစ်ကုန်းကျေးရွာတွင် ကုသလေ့ရှိပြီး ရောဂါကြီးကြီးမားမားဖြစ်ပွားပါက ရွာနှင့်(၈)ကီလိုမီတာ ကွာဝေးသော ဂွမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူကြပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုသူ (၄၈) အိမ်သာရှိပြီး (၄၃) အိမ်မှာ တောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ တာဝန်ကျ ကျန်းမာရေးဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် အိမ်တိုင်း ယင်လုံအိမ်သာ အသုံးပြုရေးကို ဆောင်ရွက်နေသော်လည်း ကျေးရွာသားများအနေဖြင့် လိုက်နာဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရပါသည်။ အိမ်သာကိုလုံလောက်စွာ အသုံးမပြုရခြင်းမှာ အမှုအကျင့်ကို မပြောင်းလဲနိုင်ခြင်း၊ ကျန်းမာရေး ဗဟုသုတအားနည်းခြင်း၊ အိမ်သာဆောက်လုပ်ရန် မြေနေရာမရှိခြင်းနှင့် အိမ်ခြံမြေနေရာသစ်များချဲ့ထွင်ရန်လည်း အခက်အခဲများ ရှိခြင်းကြောင့် ဖြစ်ပါသည်။ အိမ်ခြံမြေချဲ့ထွင်နိုင်ရန် လယ်ယာမြေကို အိမ်ခြံမြေအဖြစ်အသုံးပြုလိုပါက လန- ၃၉ (လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြု ခွင့်) ရရှိရန် လိုအပ်ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင်းတွင် လူငယ်များအတွက် သီးခြားသတ်မှတ်ထားသော အားကစားကွင်းဟူ၍ မရှိပါ။လူငယ်များအနေဖြင့် အပန်းဖြေရန်လမ်းဘေးတွင်ပိုက်ကျော်ခြင်းလုံး ကစားခြင်း၊ ကျေးရွာစာသင်ကျောင်း အားကစားကွင်းတွင် ဘောလုံးကန်ခြင်းကဲ့သို့သော အားကစားများပြုလုပ်ကြပါသည်။ ကျေးရွာတွင်းရှိ လူငယ်၊လူရွယ်များသည် ဝါတွင်းကာလ နှင့် ဝါကျွတ်ကာလ ဆွမ်းလောင်းပွဲတော်များတွင် တက်ကြွစွာ ပါဝင်ကြပါသည်။ ကျေးရွာတွင် ကျေးရွာလူငယ်အဖွဲ့ကို (၂၀၀၇) ခုနှစ်တွင် နာယက (၆)ဦးဖြင့် စတင်ဖွဲ့စည်းပြီး ယခုအခါ အဖွဲ့ဝင်(၆၂)ဦးထိရှိလာကာ အဖွဲ့ဝင်များသည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့ဝင်များအနေဖြင့် ငွေကြေးအခက်အခဲရှိချိန်တွင် အဖွဲ့ရန်ပုံငွေမှ ချေးငွေများထုတ်ယူနိုင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာတွင် လူငယ်များအတွက် အသိပညာတိုးပွားရေးနှင့်ဆိုင်သော စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု မရှိကြပါ။ အရွယ်ရောက်သော လူငယ်အများစုမှာ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ ယေဘုယျအားဖြင့် လုပ်ကိုင်နေလေ့ရှိပြီး လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အလှမ်းကွာဝေးလျှက် ရှိနေဆဲဖြစ်ပါသည်။

(ဇ) အခြေခံ အဆောက်အဦး - လက်လှမ်းမှီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

လွန်ခဲ့သော ၂၀၁၀ခုနှစ်ကတည်းက လူငယ်ရန်ပုံငွေဖြင့် ငွေကျပ်(၁၄)သိန်း အကုန်အကျခံပြီး ကိုယ်ထူကိုယ်ထအနေဖြင့် လျှပ်စစ်မီးပေးခဲ့ရာ အိမ်ထောင်စု(၆၈)အိမ်မှ မီးသွယ်တန်း အသုံးပြုကြပါသည်။ ရေရှည်မီးလင်းရေးအတွက် မီးတစ်ချောင်းလျှင် တစ်လ (၂၄၀၀)ကျပ် နှုန်းကောက်ခံပြီး လည်ပတ်နေသော်လည်း ဆင်းရဲသားမိသားများအတွက် တစ်ခါတစ်ရံ အခက်အခဲများကြုံတွေ့နေရပါသည်။ ဂွမြို့နယ်နှင့် (၁၀) မိုင်အတွင်းတွင် နိုင်ငံတော်အစီအစဉ်ဖြင့် ၂၀၁၆- ၂၀၁၇ခုနှစ်တွင် အကောင်အထည်ဖော်မည့် ပင်မမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အဆိုပြုလွှာ တင်ထားပြီးဖြစ်ပါသည်။ ကျေးရွာတွင် ကန်းရိုးတန်းဖုန်း (CDMA) တစ်လုံးအပါအဝင် အထိုင်ဖုန်းနှင့်လက်ကိုင်ဖုန်း စုစုပေါင်း (၄၇)လုံး ရှိကြပါသည်။ မြန်မာ့ဆက်သွယ်ရေး ကွန်ယက်(MPT)ကုမ္ပဏီ တစ်ခုတည်းသာ အားထားနေကြရပြီး အခြားကုမ္ပဏီများလည်း လုပ်ငန်းများ စတင်အကောင်အထည်ဖော်နေကြပါသည်။ လက်ကိုင်ဖုန်းလိုင်းမိသော နေရာ(၃)နေရာ ခန့်သာရှိပြီး တယ်လီဖုန်းလိုင်းများ မကောင်းသောကြောင့် အင်တာနက်ကိုလည်း အသုံးမပြုနိုင်ကြပါ။ ကျေးရွာတွင် တီဗီ (၁၈)လုံး ရေဒီယို (၅၄) လုံးရှိပြီး လိုအပ်သော သတင်းအချက်အလက်များကို ၄င်း တီဗီ၊ ရေဒီယိုများမှတဆင့် သိရှိနိုင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ယေဘုယျအားဖြင့် ကျေးရွာသည် လုံခြုံမှုရှိ၍ အေးချမ်းတည်ငြိမ်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာတွင် မူခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိပါ။ ယခုအချိန်အထိ ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိသေးပါ။ ကျေးရွာဘေးကင်းလုံခြုံမှုအတွက် အဓိကအားဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ယူလေ့ရှိပါသည်။ ထို့ပြင် ကျေးရွာလုံခြုံရေးအတွက် လိုအပ်လျှင် တယ်လီဖုန်းများကို အသုံးပြု၍ ဂွမြို့ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ကျေးရွာပိုင် လယ်ယာမြေများသည် မြေဩဇာအသင့်အတင့် ကောင်းမွန်ပြီး မိုးတွင်းကာလတွင် ရေလုံလောက်စွာ ရရှိပါသည်။ နွေရာသီ၌ သွင်းရေရရှိအောင်ဆောင်ရွက်ပြီးတစ်နှစ်လျှင် နှစ်သီးစားစနစ်စိုက်ပျိုးရေးအကောင်အထည်ဖော်နိုင်ပါက သီးနှံထုတ်လုပ်မှု တိုးတက်လာနိုင်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များကို ကျိုန်လီမြို့၊ ဂွမြို့နှင့် သံတွဲမြို့များသို့ ရောင်းချနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။

ကျေးရွာသည်တစ်နှစ်လျှင် မိုးရေချိန်လက်မ(၂၁၀)ပန်းကျင်ရရှိပြီး နွေယိမ်းသစ်ပင်များကောင်းမွန်စွာ ရှင်သန်ပေါက်ရောက်နိုင်၍ ကျွဲ၊နွားများအတွက် အစာအဖြစ်အလွယ်တကူ ရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နွားမွေမြူရေး လုပ်ငန်းတစ်ခုသည် ကျေးရွာအတွက် ဝင်ငွေတိုးတက်နိုင်မည့် အကျိုးအမြတ်များသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဒေသတွင် နွားစျေးနှုန်းသည် အရွယ်အစားနှင့် မျိုးကောင်းမျိုးသန့်ပေါ်မူတည်၍ စျေးကောင်းရရှိနိုင်ပြီး အထီးသည်အမထက် စျေးပိုရပါသည်။ နွားများကို ပတ်ဝန်းကျင်ကျေးရွာများအပြင် ဂွမြို့နှင့် သံတွဲမြို့များသို့ တရားဝင်ရောင်းချနိုင်ပါသည်။

ကျေးရွာသည်ပင်လယ်နှင့် (၅)ကီလိုမီတာသာ ဝေးကွာသောကြောင့် ရေငန်ငါးဖမ်းခြင်းလုပ်ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ဝင်ငွေရနိုင်သော လုပ်ငန်းဖြစ်ပြီး နည်းပညာ၊ ငွေအရင်းအနှီးနှင့် လုပ်ငန်းအတွေ့အကြုံတို့လိုအပ်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

အလယ်ချောင်းကျေးရွာပိုင် စိုက်ပျိုးမြေသည် အခြားကျေးရွာမှ ပိုင်ဆိုင်သော စိုက်ပျိုးမြေများနှင့် တစ်ဆက်တည်းရှိသောကြောင့် ထပ်မံတိုးချဲ့၍ မရနိုင်တော့ပါ။ ခေတ်မှီသော စိုက်ပျိုးနည်းစနစ်များနှင့် အလှမ်းကွာဝေးပြီး မိရိုးဖလာစိုက်ပျိုးရေး နည်းစနစ်များကိုသာ အသုံးပြုနေကြသောကြောင့် သီးနှံအထွက်နှုန်း အရမ်းမကောင်းပါ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာလူငယ်အဖွဲ့တို့မှ ချေးငွေရရှိနိုင်သော်လည်း စပါးစိုက်တောင်သူများအတွက် လုံလောက်မှုမရှိပါ။ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ရေအရင်းအမြစ်မရှိသောကြောင့် တစ်သီးစားစနစ်ကိုသာ ကျင့်သုံးကြရပါ

သည်။ စိုက်ပျိုးရေးနည်းပညာနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးသောကြောင့် သီးနှံဖျက်ပိုးများနှင့် ရောဂါကျရောက်မှုမှ ကာကွယ်ရန် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ ယုံကြည်စိတ်ချရ လောက်သော ဈေးကွက်မရှိသောကြောင့် ထုတ်ကုန်သီးနှံများ ထိုက်သင့်သလောက် အကျိုးအမြတ် မရကြပါ။ အစိုးရတွင်လယ်သမားများအား အကာအကွယ်ပေးသော မူဝါဒနှင့် နည်းဥပဒေများ မရှိသေးသောကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ရုန်းကန်နေကြရပါ သည်။ ထို့ပြင် ရေနက်ကွင်းလယ်ဧက(၅၇) ဧကတွင် နှစ်စဉ်နီးပါးဆားငန်ရေဝင်ရောက်လေ့ရှိခြင်း ကြောင့် သီးနှံအထွက်နှုန်းကို သိသိသာသာထိခိုက်စေပါသည်။

ကျေးရွာရှိ ဆင်းရဲသားမိသားစုများအတွက် တိရိစ္ဆာန်များ တိုးချဲ့မွေးမြူနိုင်ရန် အားထားရ လောက်သော ချေးငွေစနစ်မရှိပါ။ ကျေးရွာသားများသည် မျိုးကောင်းမျိုးသန့် မွေးမြူရေး အသိပညာဗဟုသုတနှင့် အားနည်းခြင်းကြောင့် ဒေသမျိုးများကိုသာ မွေးမြူနေကြရပါသည်။ တစ်ခါ တစ်ရံ ရောဂါဆိုးဆိုးရွားရွား ကျရောက်ချိန်တွင် မိမိတို့ဘာသာ ဆေးမီးတိုများဖြင့် ကုသခြင်း၊ တိရိစ္ဆာန်ကျန်းမာရေး အသိပညာနှင့်ပတ်သက်၍ တိမ်မွေးကုဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော အတွေ့အကြုံအားနည်းခြင်းတို့ကြောင့် မလိုအပ်ဘဲ တိရိစ္ဆာန်များ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရင်ဆိုင် ကြရပါသည်။ နွားများကို ပြည်တွင်းဈေးကွက်သို့ ထိုက်သင့်သော ဈေးနှုန်းဖြင့် တရားဝင်ရောင်းချ နိုင်သော်လည်း တစ်ခါတစ်ရံတွင် ဈေးကွက်ပျက်တတ်ခြင်း ဈေးနိမ့်၍ ဂယ်ယူခြင်းများ ကြုံတွေ့ရပါ သည်။ ထို့ပြင် ဆင်းရဲသား မိသားစုများအနေဖြင့် ဈေးနှုန်းမြင့်မားသော နွားမျိုးများ ဂယ်ယူနိုင်ရန် ငွေကြေးအရင်းအနှီး အခက်အခဲများစွာ ရှိကြပါသည်။

ကျေးရွာမှ (၅) ကီလိုမီတာမိုင်ခန့် ကွာဝေးသော ပင်လယ်ပြင်တွင် ရေသယံဇာတများစွာရှိ သော်လည်း ရေသယံဇာတများစွာ ရှိသော်လည်း အတွေ့အကြုံနှင့် ငွေအရင်းအနှီး မရှိခြင်းတို့ကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းကို မဆောင်ရွက်နိုင်ကြပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အသက်အရွယ် များစွာရှိသော်လည်း အသက်မွေးဝမ်းကျောင်း ပြုနိုင်လောက်သော နည်းပညာများ အားနည်းခြင်း၊ အဆက်အသွယ်များ မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးကြပါသည်။ ဒေသ တွင်း နွားရောင်းဂယ်ခြင်းဈေးကွက်သည် အခွင့်အလမ်းတစ်ခုအနေဖြင့် ရှိနေသော်လည်း ကျေးရွာ သားများအတွက် အရင်းအနှီးမရှိခြင်း၊ ဈေးကွက်အခြေအနေကို မခန့်မှန်းတတ်ခြင်းကြောင့် အခြား မြို့ရွာများမှ ပွဲစားများမှတဆင့် ရောင်းချနေကြရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ အလယ်ချောင်းကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်အတွက် ကျေးရွာလူထုသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လက်တွဲပြီး ကျေးရွာတွင် ရှိသော အရင်းအမြစ်များနှင့် အခွင့်အလမ်းများပေါ်တွင် အခြေခံကာ၊ ရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်ကို ချမှတ်ခဲ့ကြပါသည်။ ကျေးရွာသားများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်ရေး၊ လူငယ်များ အပါအဝင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက်ရည်ရွယ်၍ ချမှတ်ထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်။

(က) ရည်မှန်းချက် ပန်းတိုင်

(၁) စိုက်ပျိုးမွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ အဆင်ပြေအောင်မြင်စွာ လုပ်ကိုင်နိုင်စေခြင်းအားဖြင့်ဝင်ငွေတိုးတက်လာစေရန်။

(၂) ကျေးရွာ၏ လူသားအရင်းအမြစ်များဖွံ့ဖြိုးလာစေပြီး ကျေးလက်အခြေပြုအဖွဲ့အစည်းများ တွင်တက်ကြွစွာ ဦးဆောင်ပါဝင်၍ ဘက်စုံကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်ထွန်းလာစေရေး။

(၃) ကျေးရွာမီးလင်း၍ ကျေးလက်အဆောက်အဦများ ပြည့်စုံစွာရစေပြီး သာယာစည်ပင်သည့် ကျေးရွာဖြစ်ပေါ်လာစေရေး

ဖော်ပြပါပန်းတိုင်ရောက်ရှိစေရန်အတွက် အောက်ဖော်ပြပါ **ဗျူဟာများ**ချမှတ်ဆောင်ရွက်ရပါမည်။

- ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များနှင့်ခေတ်မီ စိုက်ပျိုးရေးနည်းပညာများရရှိသုံးစွဲ၍ ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်မည်။
- ရေငန်တား တာတမံကို အခိုင်အမာတည်ဆောက်ပါမည်။
- မွေးမြူရေးနည်းပညာနှင့် ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များသုံးစွဲ၍ ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်မည်။
- ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် လူငယ်များဝင်ရောက်လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုသင်တန်းများ ထိထိရောက်ရောက်တက်ရောက်နိုင်စေရေး အစီအစဉ်များချမှတ်ခြင်း။
- ရွာသူရွာသားများအတွက်အဆင်ပြေစေသည့်ချေးငွေရရှိရေးချိတ်ဆက်ပံ့ပိုးပေးရပါမည်။
- ကျေးရွာသားများအားလုံး (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးရရှိစေရန်အတွက် ပင်မလျှပ်စစ်လိုင်းနှင့် ချိတ်ဆက်နိုင်ရေး စီစဉ်ဆောင်ရွက်ပါမည်။
- အမျိုးသမီးများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်ပါဝင်နိုင်သည့် အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ရရှိလာအောင် စီစဉ်ဆောင်ရွက်ခြင်း။
- လူငယ်များအတွက် စွမ်းဆောင်ရည်မြင့်မားစေမည့် ကျေးလက်လူငယ်သင်တန်း ကဲ့သို့သော သင်တန်းများ၊ ကျေးလက်သတင်းအချက်အလက် ကောက်ယူရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာနိုင်ရန် စီစဉ်ဆောင်ရွက်ရပါမည်။
- အထက်ဖော်ပြပါ စွမ်းရည်မြှင့်တင်မှုတည်ဆောက်ခဲ့သည့် အမျိုးသမီးများနှင့်လူငယ်ထုတို့ရပ်မိရပ်ဖများနှင့်အတူ ကျေးရွာဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဆိုင်ရာအဆောက်အဦများ ပိုမိုကောင်းမွန်လာစေပြီး ကျန်းမာရေး၊ ပညာရေး၊ သာယာဝပြောရေးတို့တွင် အစုအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရစေရန် စီစဉ်ဆောင်ရွက်ရပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့် ထိပဲ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေး အစီအစဉ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျေးရွာသားများအနေဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်သွားလိုပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ ပြုပြင်ရေးဆွဲခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း စနစ်တကျကောင်အထည် ဖော်နိုင်ရန် စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အလယ်ချောင်းကျေးရွာသားများ၏ အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိရေးသည် အဓိကအချက် ဖြစ်ပါသည်။ စပါးစိုက်တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေများ ထုတ်ချေးပေးနေသော်လည်း ထုတ်ချေးပေးသောအချိန် နောက်ကျတတ်ခြင်း၊ ချေးငွေပမာဏ အကန့်အသတ်ရှိနေခြင်း၊ သီးနှံများပေါ်ပြီးစတွင် ပြန်လည်ပေဆပ်ကြရခြင်းစသည့် အခက်အခဲများရှိနေဆဲ ဖြစ်ပါသည်။ ဒေသတွင်းကျွဲ၊ နွားစျေးနှုန်းများ ကောင်းမွန်သော်လည်း မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးသော အဖွဲ့အစည်းများ မရှိသောကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရန် ခက်ခဲမှုများရှိနေကြပါသည်။ ထို့ပြင် ကျေးရွာပိုမိုဖွံ့ဖြိုးရေးအတွက် ငွေကြေးဝန်ဆောင်မှုပေးသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများလည်းမရှိကြပါ။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေ ရရှိနိုင်ရန်နှင့် အထူးသဖြင့် ဆင်းရဲသော၏ မိသားစုများအတွက် ငွေကြေးအရင်းအနှီးများ အဆင်ပြေစေရန် စည်းကမ်းသတ်မှတ်ချက်များကို ဒေသအလိုက် လိုအပ်ချက်များနှင့်အညီ ပြောင်းလဲစေချင်ပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များကို အကောင်အထည်ဖော်မည့် အချိန်ကာလက(၂၀၁၆ခုနှစ်မှ ၂၀၂၀ခုနှစ်) အထိ (၅)နှစ်သတ်မှတ်ထားပါသည်။ ၄င်း(၅)နှစ်တာကာလအတွင်း တစ်နှစ်ချင်းစီအလိုက် ဆောင်ရွက်မည့် စီမံချက်များကိုလည်း ချမှတ်ထားပြီးဖြစ်ပါသည်။ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် ကျေးရွာမှ ဆောင်ရွက်နိုင်သော စီမံချက်လုပ်ငန်းများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများဟူ၍ ခွဲခြားသတ်မှတ်ကာ ရေတို၊ ရေရှည်ရည်မှန်းချက်များထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာပြီးဆုံးချိန်တွင် ဖော်ပြပါစီမံချက်လုပ်ငန်းများ ပြီးမြောက်စေရန်အတွက် တစ်နှစ်ချင်းစီအလိုက် ချမှတ်ထားသော စီမံချက်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပါသည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ဆွေးနွေးပွဲဆောင်ရွက်စဉ်တွင် ကျွန်ုပ်တို့ကျေးရွာအတွက် (၅)နှစ်တာစီမံကိန်းကာလအတွင်း ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ဖော်ထုတ်ခြင်း၊ ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်း၊ အကောင်အထည်ဖော်မည့် အချိန်ကာလတွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော် ရန်ပုံငွေရရှိနိုင်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများပေါ်မူတည်ပြီး ကျေးရွာနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖွံ့ဖြိုးရေးစီမံချက်များ ထပ်မံ၍ဖြည့်စွက်ခြင်း၊ နှစ်အလိုက်စီမံကိန်းအချို့ကို ပြင်ဆင်ရေးဆွဲခြင်းများ ပြုလုပ်နိုင်ပါသည်။ အဓိကအချက်မှာ စီမံချက်တိုင်းသည် နောင်(၅)ကြာသောအခါရရှိလာမည့် ကျေးရွာရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်ကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ရေးပင် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)ဆောင်ရွက်မည့် စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (ဥပမာ)-ကျေးရွာအဆောက်အဦများ ရေရှည်တည်တန့်ရန် အတွက် ပြုပြင်မွမ်းမံခြင်း

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (ဥပမာ)-ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ် (ဥပမာ) - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်

(၄) လူသားချင်းစာနာမှုအသုံးစရိတ် (ဥပမာ)- သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အထောက်အပံ့များ

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ဆွေးနွေးပွဲမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား၏ဥစ္စာဓနအဆင့်အုပ်စု(၄)စု(ချမ်းသာ၊ အသင့်အတင့်၊ ဆင်းရဲ၊ အလွန်ဆင်းရဲ) ကို ကိုယ်စားပြုသော ကိုယ်စားလှယ် (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ ၄င်းရမှတ်များအပေါ်မူတည်၍ ဦးစားပေးရမည့် စီမံချက်များကို သတ်မှတ်ကြခြင်း ဖြစ်ပါသည်။ သို့သော် ၄င်းစီမံချက်များကို အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်လိုအပ်ချက်များ၊ ရန်ပုံငွေရရှိနိုင်မှုအခြေအနေ၊ အစိုးရ၏မူဝါဒများပေါ်မူတည်ပြီး အနည်းငယ် အပြောင်းအလဲ ရှိနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာ၏(၅)နှစ်တာ ဖွံ့ဖြိုးရေးရည်မှန်းချက်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန် မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပံ့ပိုးမှုများရရှိရန် လိုအပ်ပါသည

ကျေးရွာလူထု အစည်းအဝေးတွင် သဘောတူသတ်မှတ်သော ဦးစားပေး စီမံကိန်းလုပ်ငန်းများ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်
ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံအုပ်ချုပ်မှု	အမျိုးသမီးများ၊လူငယ်များကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်သောစွမ်းရည်ရရှိအောင်ဆောင်ရွက်ခြင်း။	၃၈	၁၀	• ကျေးရွာရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ကဏ္ဍမြင့်တင်ခြင်း • ခေါင်းဆောင်မှုအတတ်ပညာနှင့်ကျား/မတန်းတူညီမျှရေးသဘောတရားသင်တန်း • အဖွဲ့စည်းဆိုင်ရာ နည်းဥပဒေများနှင့် လုပ်နည်းလုပ်ထုံးများ
စိုက်ပျိုးရေးနှင့် မွေးမြူရေး	ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များနှင့်စိုက်ပျိုးရေးနည်းပညာများရယူရရှိ စိုက်ပျိုးရေးကဏ္ဍမြင့်တင်ခြင်း။	၆၈	၅	• အထွက်နှုန်းကောင်း သောသီးနှံ မျိုးစေ့များ ရရှိစေရန် ပညာရှင်များနှင့် လက်တွဲဆောင်ရွက်ခြင်း • စိုက်ပျိုးရေးစံပြစိုက် ကွက်များထူထောင်ခြင်း • ချေးငွေနှင့်လယ်ယာသုံးကိရိယာများ ရရှိနိုင်သည့်နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း
	မွေးမြူရေးလုပ်ငန်းတွင်နည်းပညာနှင့် အရင်းအနှီးပြည့်စုံစေရန်ဆောင်ရွက်ခြင်း	၈၃	၁	• တိရိစ္ဆာန်ကာကွယ်ဆေးနှင့် မွေးမြူရေးနည်းပညာသင်တန်း • ဒေသခံမွေးမြူရေးသင် တန်းသား မွေးထုတ်ခြင်း • ဦးတည်အုပ်စုများသတ်မှတ်၍ပြည့်မှီအောင် စနစ်တကျကာကွယ်ဆေးထိုးခြင်း • မွေးမြူရေးအတွက်အရင်းအနှီးရရှိစေရန် အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	ကျန်းမာရေးတိုးတက်ကောင်မွန်စေရန် အတွက်အစီအမံများဆောင်ရွက်ခြင်း	၈၂	၂	•တစ်ကိုယ်ရေသန့်ရှင်းရေးအသိအမြင်မြှင့်တင်ခြင်း ယင်လုံအိမ်သာဆောင်လုပ်ခြင်း • ကျေးလက်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း • နွေရာသီတွင်သောက်သုံးရေဖူလုံစေရန် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အကောင်အထည်ဖော်ခြင်း
ကျေးရွာပညာရေးအဆင့်အတန်းမြင့်မားရေး	ပညာရေးဆိုင်ရာအဆောက်အဦများ၊ ကျောင်းသုံးပရိဘောများပြည့်စုံအောင် ဆောင်ရွက်ပြီးအရည်အသွေးပြည့်ဝ သည့်သင်ကြားရေးရရှိစေခြင်း	၇၁	၃	• မူလွန်ကျောင်းတရားဝင်အသိ အမှတ်ပြု ရရှိရေးအတွက်လိုအပ်သော စာရွက်စာတမ်းများ စုဆောင်းခြင်း • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • မူလတန်းစာသင်ကျောင်းဆောင်တိုးချဲ့ခြင်း၊ • မူလွန်ကျောင်းတရားဝင်အသိအမှတ်ပြုရေးဆောင်ရွက်ခြင်း
လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား	လူငယ်များအသက်မွေးဝမ်းကျောင်း နည်းပညာကျွမ်းကျင်မှုသင်တန်းများ တက်ရောက်သင်ကြား၍အလုပ်အကိုင် ရရှိရှိစေခြင်း။	၇၀	၄	• နည်းပညာနှင့် ငွေအရင်းအနှီးအတွက် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • လူငယ်ဖွံ့ဖြိုးရေးအတွက်ခေါင်ဆောင်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှုသင်တန်း • အသက်မွေးဝမ်းကျောင်းသင်တန်းများရယူခြင်း
သဘာဝဘေးအန္တရာယ်	ရေငန်တားတာတမံတည်ဆောက်ခြင်း	၄၄	၈	• ရေငန်တားတာတမံတည်ဆောက်နိုင်ရန် ကျေးရွာသားများဆွေးနွေးတိုင်ပင်ခြင်း • ရေငန်တားတာတမံတည်ဆောက်ရန် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း • ရေငန်တားတာတမံ အခိုင်အမာ တည်ဆောက်ခြင်း

ကဏ္ဍ	စီမံချက်	ရက် မှတ်	ဦးစားပေး အဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်
အခြေခံအဆောက်အဦး	ကျေးရွာအခြေခံအဆောက်အဦများဖြစ်သောလမ်းပန်းဆက်သွယ်ရေးဆိုင်ရာတည် ဆောက်မှုများဆောင်ရွက်ခြင်း။	၄၅	၇	• ကျေးရွာအခြေခံအ ဆောက်အဦကော်မီတီ ဖွဲ့စည်းခြင်း • ကျေးလက်ဦးစီးဌာန၊မြေစာရင်းဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက် ခြင်း • ရွာတွင်းလမ်းအဆင့်မြှင့်တင် ခြင်း၊(၂၈၀၀ပေ)
	ကျေးလက်အိမ်ယာမြေတိုးချဲ့ခြင်း	၅၈	၆	• တောင်ကျရေတားရေနူတ်မြောင်းချဲ့ထွင်ခြင်း • ကျေးလက်အိမ်ယာမြေချဲ့ထွင်ရန်အစီအစည်ချမှတ်ခြင်း • ကျေးရွာအိမ်ယာမြေတိုးချဲ့ရေးခြင်း
ကျေးရွာမီးလင်းရေး	ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း။	၃၉	၉	• (၂၄)နာရီမီးလင်းရေး ကော်မီတီ ဖွဲ့စည်းခြင်း • ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန နှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ • (၂၄)နာရီမီးလင်းရေး အကောင်အထည်ဖော်ခြင်း

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာရေရှည်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို PRAတွင် ဆွေးနွေးချက်များပေါ်တွင် အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုပေါ်မူတည်ပြီး နှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီး လက်ရှိအနေဖြင့်ရေးဆွဲထားသော စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း (Project)	ဦးစားပေးအဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	အမျိုးသမီးများ၊လူငယ်များကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်သောစွမ်းရည်ရရှိအောင်လေ့ကျင့်သင်ကြားခြင်း။	၁၀					
၂	ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များနှင့်စိုက်ပျိုးရေးနည်းပညာများရယူ၍ စိုက်ပျိုးရေးကဏ္ဍ မြင့်တင်ခြင်း။	၅					
၃	မွေးမြူရေးလုပ်ငန်းတွင်နည်းပညာနှင့် အရင်းအနှီးပြည့်စုံစေရန်ဆောင်ရွက်ခြင်း	၁					
၄	ကျန်းမာရေးတိုးတက်ကောင်မွန်စေရန် အတွက်အစီအမံများဆောင်ရွက်ခြင်း	၂					
၅	ပညာရေးဆိုင်ရာအဆောက်အဦများ၊ကျောင်းသုံးပရိဘောများပြည့်စုံအောင်ဆောင်ရွက်ပြီးအရည်အသွေးပြည့်ဝသည့်သင်ကြားရေးရရှိစေခြင်း။	၃					
၆	လူငယ်များအသက်မွေးဝမ်းကျောင်းနည်းပညာကျွမ်းကျင်မှုသင်တန်းများတက်ရောက်သင်ကြား၍အလုပ်အကိုင်ရရှိရှိစေခြင်း။	၄					
၇	ရေငန်တားတာတမံတည်ဆောက်ခြင်း	၇					
၈	ကျေးရွာအခြေခံအဆောက်အဦများဖြစ်သောလမ်းပန်းဆက်သွယ်ရေးဆိုင်ရာတည်ဆောက်မှုများဆောင်ရွက်ခြင်း။	၆					
၉	ကျေးလက်အိမ်ယာမြေတိုးချဲ့ခြင်း	၈					
၁၀	ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း။	၉					

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

စဉ်	စီမံကိန်း	ရန်ပုံငွေကျပ် (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ် မှတ်ခြင်း(ကျပ်)		
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ်	လူသားချင်းစာနာမှုအသုံးစရိတ်
၁	အမျိုးသမီးများ၊လူငယ်များကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင်ထိထိ ရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်သောစွမ်းရည်ရရှိအောင် လေ့ကျင့်သင်ကြားခြင်း။				√	
၂	ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များနှင့်စိုက်ပျိုးရေးနည်းပညာများ ရယူ၍ စိုက်ပျိုးရေးကဏ္ဍမြင့်တင်ခြင်း။			√		
၃	မွေးမြူရေးလုပ်ငန်းတွင်နည်းပညာနှင့် အရင်းအနှီးပြည့်စုံစေရန်ဆောင်ရွက်ခြင်း			√		
၄	ကျန်းမာရေးတိုးတက်ကောင်မွန်စေရန် အတွက်အစီအမံများဆောင်ရွက်ခြင်း			√		
၅	ပညာရေးဆိုင်ရာအဆောက်အဦများ၊ ကျောင်းသုံးပရိဘောများပြည့်စုံအောင် ဆောင်ရွက်ပြီးအရည်အသွေးပြည့်ဝသည့်သင်ကြားရေးရရှိစေခြင်း။			√		
၆	လူငယ်များအသက်မွေးဝမ်းကျောင်းနည်းပညာကျွမ်းကျင်မှုသင်တန်းများ တက်ရောက်သင်ကြား၍အလုပ်အကိုင်ရရှိရှိစေခြင်း။			√		
၇	ရေငန်တားတာတမံတည်ဆောက်ခြင်း			√		
၈	ကျေးရွာအခြေခံအဆောက်အဦများဖြစ် သောလမ်းပန်းဆက်သွယ်ရေးဆိုင်ရာ တည်ဆောက်မှုများဆောင်ရွက်ခြင်း။			√		

စဉ်	စီမံကိန်း	ရန်ပုံငွေကျပ် (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ် မှတ်ခြင်း (ကျပ်)		
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ်	လူသားချင်းစာနာမှုအသုံးစရိတ်
၉	ကျေးလက်အိမ်ယာမြေတိုးချဲ့ခြင်း				√	
၁၀	ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း။			√		
	စုစုပေါင်း					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

  ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁)လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၃	၁	၄	၁.၁%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၀	၁၀	၂၀	၅.၄%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၄	၁၂	၂၆	၇%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၅	၁၆	၃၁	၈.၃%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၂၀	၁၁၄	၂၃၄	၆၃.၁%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀နှစ် နှင့်အထက်	၂၉	၂၇	၅၆	၁၅.၁%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၁၉၁	၁၈၀	၃၇၁	၁၀၀%	
စုစုပေါင်းအိမ်ထောင်စု			၉၁		
ပျမ်းမျှအိမ်ထောင်စုအရွယ်အစား			၄.၀၇		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ထောင်စု(၉၁)စုရှိပြီး လူဦးရေစုစုပေါင်း(၃၇၁)ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၄)ဦးအထိရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၆၃.၁% ရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် အနည်းငယ် ပိုများပါသည်။ များသောအားဖြင့် ရခိုင်/ဗုဒ္ဓဘာသာလူမျိုးများ နေထိုင်ကြပြီး ဗမာအနည်းငယ် ရှိပါသည်။ အသက် (၁၅)နှစ်အောက်နှင့် အသက်(၆၀)အထက် လူအရေအတွက်သည် စုစုပေါင်းလူဦးရေ၏ ၃၆.၉%ရှိပြီး မှီခိုသူများဖြစ်ကြပါသည်။

၁.၂။ အလုပ်လုပ်နိုင်သူအင်အား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက်အလုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	*စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*				
	ကိုယ်ပိုင် လုပ်ငန်း	၄၈	၅၂.၈%		လယ်၊ယာစိုက်ပျိုးရေး လုပ်ကိုင်သောအိမ်ထောင်စုများ
	အလုပ်သမား၊ ကျပန်း ရာသီအလိုက် အလုပ်သမား	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက်အလုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂	*တိရိစ္ဆာန်မွေးမြူရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၂	၂.၂%	၀	ကျွဲ၊နွား(၇)နှင့်အထက် ပိုင်ဆိုင်သောအိမ်ထောင်စုများ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင်လုပ်အား	၀	၀	၀	
၃	*ငါးဖမ်း လုပ်ငန်း*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ကျပန်း၊ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင်လုပ်အား	၀	၀	၀	
၄	*သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင်လုပ်အား	၀	၀	၀	
၅	*ထုတ်ကုန်လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၀%	၀	စပါးစက်ပိုင်ဆိုင်သောအိမ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၆	*လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၁	ကိုယ်ပိုင်ဒီဇယ်အင်ဂျင်ဖြင့် မီးပေးသောအိမ် (လယ်သမားလယ်ပိုင်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင်လုပ်အား	၀	၀	၀	
၇	*ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	ပန်းရံ(၁)အိမ်၊လက်သမား(၁)အိမ်-(လယ်သမားလယ်ပိုင်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင်လုပ်အား	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက်အ	မှတ်ချက်
		အိမ်ထောင်စု	%	လုပ်အကိုင်	
၈	*ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	စက်ပြင်(၁)၊လယ်သမား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင်လုပ်အား	၀	၀	၀	
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆.၆%	၀	အိမ်ဆိုင်(၆)ဆိုင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၃	*ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၅	*ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက်အ	မှတ်ချက်
		အိမ်ထောင်စု	%	လုပ်အကိုင်	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၂.၂%	၀	အုပ်ချုပ်ရေး(၂) အိမ်၊
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၂.၂%	၀	ပညာရေး(၂)အိမ် (ကျောင်းဆရာမ)
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၈	*လူမှုရေး လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၉	*အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃၀	၃၃.၀%	၀	ရာသီပေါ်လုပ်ငန်းများ ဖြစ်သည့် ခနိယက် လုပ်ခြင်း၊ လမ်းခင်း ခြင်း၊ မျစ်ချိုးခြင်း နှင့်လယ်ယာလုပ်ငန်းခွင် တွင် ကျပန်းလုပ်သား အဖြစ်လုပ်ကိုင်ခြင်း
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂၀	*ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
	စုစုပေါင်း	၉၁	၁၀၀%	၄	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇၊ **ဇူလိုင်လ**၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်သူ(၄၈)ဦးရှိပါသည်။ အမျိုးသားအများစုမှာ မြေပြင်ခြင်း၊ ထွန်ယက်ခြင်းနှင့် ပျိုးနှုတ်ခြင်း၊ဓနိခုတ်ခြင်းစသည့် လုပ်ငန်းများတွင် အဓိကလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစုမှာ ကောက်စိုက်ခြင်း၊ လမ်းခင်းခြင်း လုပ်ငန်းများတွင် အဌားလိုက်ခြင်း၊ဓနိရက်လုပ်ခြင်း စသည့်ရာသီအလိုက်ဝင်ငွေရလုပ်ငန်း အမျိုးမျိုးကိုလုပ်ကိုင်ကြပါသည်။ ယေဘုယျအားဖြင့် မိသားစု အများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား၍ စားဝတ်နေရေးအတွက်ဖြေရှင်းကြပါသည်။ ကျေးရွာတွင် နွား(၇) ကောင် အထက်မွေးမြူသောအိမ် (၂)အိမ်ရှိပြီး ၄င်းအိမ်များသည် မွေးမြူရေးဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြပါသည်။ စပါးစက်ပိုင်သူ(၁)အိမ်၊ အိမ်ဆိုင် ပိုင်ဆိုင် သူ(၃)အိမ်၊ ပန်းရံ(၁) အိမ်၊ လက်သမား (၁) အိမ်နှင့် စက်ပြင်ဆရာအိမ်(၁)အိမ်ရှိသော်လည်း ၄င်းမိသားစုဝင်အချို့သည် အခါအားလျော်စွာ ဝင်ငွေရကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

၁.၃။ သဘာဝအရင်းအမြစ်များ

၁.၃.၁။ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား(၃)ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၄၈.၀၄	သင့်	မရ	မိုးရေသောက်(အနိုးဝန်းကျင်တွင်ဆည်၊ တာတမံမရှိပါ)
ယာမြေ	၁၆	သင့်	မရ	မိုးရေသောက်
ဥယျာဉ်ခြံမြေ	၁၂.၄၈	သင့်	မရ	မိုးရေသောက်
ဒီရေတော(CF)	၂၀၀	သင့်		
သစ်တောမြေ	၃၈၀	သင့်		
သကယ်ခြံ(ဓနိ)	၃၈.၀၂	သင့်		
စုစုပေါင်း	၈၉၄.၅၄			

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကြပြီး လယ်ယာမြေများမှာ မြေဩဇာအထိုက်အလျောက် ကောင်းမွန်သော စိုက်ပျိုးမြေများ ဖြစ်ပါသည်။ ကျေးရွာပိုင်မြေများသည် ပင်လယ်ကမ်းစပ် ဒီရေတောနှင့်တစ်ခြားကျေးရွာမှပိုင်ဆိုင်သော လယ်ယာမြေများကြားတွင် တည်ရှိသောကြောင့် စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ရန် အခွင့်အလမ်းနည်းပါးပါသည်။ ကျေးရွာအနီးတွင် နွေရာသီတွင် စိုက်ပျိုးရေရရှိနိုင်သော ဆည်းမြောင်း၊ တာတမံများမရှိကြပါ။

၁.၃.၂။ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်မမှီ
ဓါတ်သတ္တု(သဲ၊ကျောက်စရစ်)	သင့်	ကျောက်စရစ်၊သဲများကို ကျေးရွာအနီးရေချောင်းထဲတွင်အလွယ် တကူရရှိနိုင်ပါသည်။
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	နည်း(လိပ်၊မြွေ၊ဖွတ်) သင့် (ရေငန်ငါးမျိုးစုံ၊ ဂဏာန်း ၊ပုဇွန်၊ ပင်လယ်လိပ်)	လိပ်၊မြွေ၊ဖွတ် များကို ခက်ခဲစွာတွေ့ရ။ ရေငန်ငါးမျိုးစုံ၊ ဂဏာန်း၊ပုဇွန်၊ ပင်လယ်လိပ် များကိုလွယ်ကူစွာတွေ့ရ။
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	(ငှက်ပျော၊ အုန်း၊ ကွမ်းသီးပင်၊သစ်ခွ၊ ဝါး၊မို့၊နှင့် ဒီရေတောပေါက်ရောက်သည့် အပင်များ(ဥပမာ– လမု၊၊ခနို)

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ပင်လယ်နှင့်အနီးဝန်းကျင်တွင် တည်ရှိသောကြောင့် မိုးသစ်တောသစ်ပင်များ၊ ဒီရေတောများအပြင် လိပ်၊ မြွေ၊ ဖွတ်များကို တွေ့ရှိနိုင်ပါသည်။ သစ်ပင်များအဖြစ် ငှက်ပျောပင်၊ ဝါးပင်၊ ကညင်ပင်၊ သီဟိုဠ်ပင်၊ အုန်း၊ ကွမ်းသီးပင်များကို အလွယ်တကူတွေ့နိုင်သော်လည်း သစ်ခွကဲ့သို့သော မျိုးစိတ်များကို ရှားပါးစွာတွေ့နိုင်ပါသည်။ ပင်လယ်နှင့် (၃) မိုင်သာကွာဝေးသောကြောင့် ရေငန်မျိုးစိတ်များဖြစ်သော ငါးလိပ်ကျောက်၊ ငါးတံခွန်၊ ငါးလိပ်စွန်၊ ငါးထောပတ်၊ ငါးဘုရင်၊ ငါးနီတူး၊ ငါးကွမ်းရုပ်၊ ငါးပါးနီနှင့် ကျောက်ငါးတို့အပြင် ငွေရောင်ပုဇွန်၊ကျောက်ပုဇွန်၊ သံပချုပ်၊ ပင်လယ်လိပ်၊ ဂဏာန်းနှင့် ကြယ်ငါး တို့ကို အလွယ်တကူ တွေ့ရပါသည်။ ကျေးရွာဝန်းကျင်တွင် မြွေ၊ ဖွတ်၊ ပုတ်သင်တို့ကို တခါတရံတွေ့ရပါသည်။

၁.၄။ ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅)ဥစ္စာဓနအဆင့်ခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အိမ်အခြေအနေ	• နှစ်ထပ်အိမ် • ပျဉ်ခင်း၊ ပျဉ်ကာ • သွပ်မိုး	• နှစ်ထပ်(သို့) တစ်ထပ်အိမ် • ပျဉ်ခင်း၊ပျဉ်ကာ(သို့) ဝါးကာ •သွပ်မိုး(သို့) ခနိုမိုး	• တစ်ထပ် • ပျဉ်ခင်း၊ဝါးကာ • ခနိုမိုး	• ဝါးခင်း၊ ဝါးကာ • ခနိုမိုး

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သော အိမ်ထောင်စု
အသက်မွေးမှု ကိရိယာပိုင်ဆိုင်မှု	• လက်တွန်းထွန်စက်၊ နွား(၁)ကောင်နှင့် အထက်	• နွား(၁)ကောင်မှ (၄)ကောင်	• ကြက်၊ ဝက်	• ကြက်၊ ဝက်
လယ်ယာမြေ ပိုင်ဆိုင်မှု	• (၅)ဧကအထက်	• (၃-၅)ဧကအထိ	• (၁-၂)ဧကအထိ	• မြေယာမဲ့
ရွှေပိုင်ဆိုင်မှု	• (၅)ကျပ်သား အထက်	• (၁-၅)ကျပ်သား	• (၁)ကျပ်သား အောက်	• မရှိ
အခြား	• မော်တော်ဆိုင် ကယ်၊ဖုန်း၊ဗွီဒီယို	• မော်တော်ဆိုင် ကယ်၊ဖုန်း	• ရေဒီယို	• အကြွေးရှိ
အိမ်ထောင်စု	**၆ (၆.၅%)**	**၂၇ (၂၉.၇%)**	**၃၈ (၄၁.၈%)**	**၂၀ (၂၂%)**

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA)ကို အသုံးပြု၍ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၉၁)စု၏ ၆၃.၈% သည် ဆင်းရဲသည်ဟုခံယူကြပါသည်။ ၃၆.၂% ခန့်မှာ ချမ်းသာသူများနှင့်အလယ်အလတ် အိမ်ထောင်စုများဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေနှစ်ဧကအောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေ(၅)ဧကအထက်ပိုင်ဆိုင်သူများ၊ လက်တွန်းထွန်စက်၊မော်တော် ဆိုင်ကယ်ပိုင်ဆိုင်သူများ (သို့မဟုတ်)ကျွဲ၊ နွားငါးကောင်နှင့်အထက်နှင့် ရွှေငါးကျပ်သားအထက် ပိုင်ဆိုင်သူများဖြစ်ကြသည်။ ကျွဲ၊ နွား၊ စိုက်ပျိုးမြေနှင့် ရွှေငွေလက်ဝတ်ရတနာပိုင်ဆိုင်မှု အနေအထားသည် စီးပွားရေးအဆင့် အတန်းနှင့် ချမ်းသာ/ ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

၁.၅။ ထိခိုက်လွယ်မှု

၁.၅.၁။ ဝမ်းစာဖူလုံမှု

ဇယား(၆)အလယ်ချောင်းကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

(အဆင်းရဲဆုံး(၁၅)အိမ်အား ဆန်းစစ်ခြင်း)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	မှတ်ချက်
(၃) လအောက်	၁၁	၇၃.၄%	အဆင်းရဲဆုံးအိမ်ထောင်စု(၁၅)အိမ်မှ(၁၁)အိမ်သည် အများဆုံး (၃)လခန့်အထိသာ ငွေမချေးဘဲ၊ ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲ ရပ်တည်နိုင်ကြပြီး ကျန်ကာလများ အတွက်ရိက္ခာဖူလုံစေရန် ကျေးရွာဈေးဆိုင်များ

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	မှတ်ချက်
			မှ အကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှချေးငှား၍ စားသုံးခြင်း၊ နေ့စဉ်ရသောလုပ်အားခဖြင့် စားနပ်ရိက္ခာ အတွက် ဝယ်ယူစားသုံးကြပါသည်။
(၃)လမှ(၅)လအထိ	၂	၁၃.၃%	အဆင်းရဲဆုံးအိမ်ထောင်စု(၁၅)အိမ်မှ(၂)အိမ်သည် အများဆုံး (၅)လခန့်အထိသာ ငွေမချေးဘဲ၊ ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲ ရပ်တည်နိုင်ကြပြီး ကျန်ကာလများအတွက် ရိက္ခာဖူလုံစေရန်ကျေးရွာ ဈေးဆိုင်များမှ အကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှ ချေးငှား၍ စားသုံးခြင်း၊ နေ့စဉ်လုပ်အားဖြင့် စားနပ်ရိက္ခာအတွက် ဝယ်ယူ စားသုံးခြင်းများ ပြုလုပ်ကြပါသည်။
(၆)လမှ(၁၂)လအထိ	၂	၁၃.၃%	အဆင်းရဲဆုံး အိမ်ထောင်စု(၁၅)အိမ်မှ (၂)အိမ်သည် (၆)လအထက်ထိ ငွေမချေးဘဲ၊ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာ ထောက်ပံ့မှုမပါဘဲ ရပ်တည်နိုင်ကြပြီး ကျန်ကာလများ အတွက် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံ စေရန်ဆွေမျိုးသားချင်းများထံတွင်ဆန်များ ချေးယူခြင်း၊ ဈေးဆိုင်များ အကြွေးယူခြင်း နေ့စဉ်ရသော လုပ်အားခဖြင့် စားနပ်ရိက္ခာအတွက်ဝယ်ယူ စားသုံးခြင်းများ ပြုလုပ်ကြပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၉၁)အိမ်ရှိသည့်အနက် (၅၈)အိမ်သည် ဥစ္စာဓနခွဲခြားမှုပြုလုပ်ရာတွင် ဆင်းရဲနှင့် အဆင်းရဲဆုံး အိမ်ထောင်စုများဖြစ်သော အဆင့်(၃နှင့်၄)များ ဖြစ်ကြပါသည်။ ၄င်းအိမ်ထောင်စုများမှ (၃၀%)ဖြစ်သော(၁၅) အိမ်အား လွန်ခဲ့သော(၁)နှစ်က စားနပ်ရိက္ခာဖူလုံမှု အနေအထားနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည် နည်းလမ်းမျိုးစုံသုံး၍ နေ့စဉ်ထမင်းအနပ်ရေ ပြည့်မီအောင် ကြိုးစားပြီး ဈေးနှုန်းချိုသာသောဆန်များကို အဓိကထားစားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန်အတွက် အကြွေးတင်ရှိမှုမှာ ငါးသောင်းမှ လေးသိန်းအထိ ရှိပါသည်။(၁၅)အိမ်အနက် အိမ်ထောင်စု(၁၁) အိမ်သည် တစ်နှစ်လျှင် အများဆုံး(၃)လခန့်အထိ၊(၂)အိမ်သည်(၅)လခန့်အထိ နှင့် (၂)အိမ်သည်(၆)လကျော်ခန့်အထိသာ ငွေမချေးဘဲ၊ ဆန်မချေးရဘဲအခြားသူများမှရိက္ခာထောက်ပံ့မှုမပါဘဲ ထမင်းကိုနေ့စဉ်ပုံမှန်အတိုင်း စားသုံးနိုင်သောကာလများဖြစ်ပါသည်။ ၄င်းတို့သည် တစ်နှစ်ပတ်လုံးဝမ်းစာ ဖူလုံစေရန်အတွက် ဆွေမျိုးသားချင်းများထံတွင် ချေးယူခြင်း၊ ရာသီလိုက်လုပ်ငန်းများလုပ်ကိုင်ခြင်း ဈေးဆိုင်များမှ အကြွေးယူခြင်းများ ပြုလုပ်ရပါသည်။ ဝမ်းစာအခက်ခဲဆုံး ကာလများမှာ နယုန်လမှ တော်သလင်းလအထိ ဖြစ်ပါသည်။

၁.၅.၂။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၀	၁
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ	၁	၁	၂
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၁	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၁	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ			

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။အသက်(၆၀)နှင့်အထက်အဖိုး(၁)ဦးအနက် တစ်ဦးမှာ(၇၄)နှစ်ရှိ၍ မျက်စိကွယ်နေပြီး ကျေးရွာမှပိုင်းဝန်းစောင့်ရှောက်ကြပါသည်။ မသန်စွမ်းသည့် ပုဂ္ဂိုလ်များအဖြစ် အကြောဆွဲရောဂါရှိသော မိန်းကလေးငယ်(၁)ဦး နှင့် လမ်းမလျှောက်နိုင်သော ကလေး(၁)ဦး ရှိကြပါသည်။ အမျိုးသမီးဖြစ်သူ သေဆုံးသွားသောကြောင့် ဆင်းရဲ၍ မိသားစုဦးရေများသော အိမ်ထောင်စု(၁)စုနှင့် အမျိုးသားဖြစ်သူ အခြားဒေသသို့အလုပ်သွားလုပ်ပြီး ရွာသို့ပြန်မလာသော အမျိုးသမီးဦးဆောင်သော မိသားစု(၁)စုရှိပါသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၈) ကျေးရွာ၏ ထိခိုက်လွယ်မှုအခြေနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက်နိုင်ခြေ အဆင့်	မှတ်ချက်
၁	စီးပွားရေး စားနပ်ရိက္ခာ မဖူလုံခြင်း	များ	အလုပ်အကိုင် အခွင့်အလမ်းနည်းပါး ခြင်းကြောင့် မြေယာမဲ့နှင့်ဆင်းရဲသား တောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရနိုင်ပါ သည်။
၂	ကျန်းမာရေး ဒုက္ခဖျား	အနည်းငယ်	လွန်ခဲ့သော(၅)နှစ်ခန့်က ဒုက်ဖျားဖြစ်ပွားလေ့ရှိသော်လည်း မြို့နယ် ကျန်းမာရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ကျေးရွာဒုက်ဖျားတိုက်ဖျက်ရေး လုပ်သားမွေးထုတ်ပြီး စနစ်တကျဆောင်ရွက်သောကြောင့် ဒုက်ဖျား ရောဂါ ဖြစ်ပွားမှုသည် တဖြည်းဖြည်း လျော့ကျသွားပါသည်။

စဉ်	ဘေးအန္တရာယ်အမျိုးအစား	အန္တရာယ်ကျရောက်နိုင်ခြေ အဆင့်	မှတ်ချက်
၃	တိဘီရောဂါ	အနည်းငယ်	ကျေးရွာတွင်နာတာရှည် တီဘီရောဂါ ဖြစ်ပွားသူတစ်ဦး ရှိသော်လည်း ပုံမှန်ဆေးကုသမှုခံယူသောကြောင့် အခြားသူများသို့ကူးစက်ခံရနိုင်ချေနည်းပါး
၄	ခုခံအားကျဆင်းမှုရောဂါ	အနည်းငယ်	ခုခံအားကျဆင်းမှုရောဂါအန္တရာယ်ကူးစက်နိုင်ခြေများသော ပတ်ဝန်း ကျင်တွင် အလုပ်လုပ်ခြင်း မဟုတ်သောကြောင့် ကူးစက်မှုခံရနိုင်ခြေနည်းပြီးကာကွယ်သောနည်းလမ်းများအကြောင်းကောင်းစွာသိခြင်း
၅	ဝမ်းပျက်ဝမ်းလျော	အသင့်အတင့်	ရွာတွင်ယင်လုံအိမ်သာသုံးစွဲသူနည်းပါးသောကြောင့်ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားနိုင်
	လူမှုရေး ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်		
၆	လေပြင်းမုန်တိုင်းနှင့်မိုးများလွန်းခြင်း	မြင့်မား	ပင်လယ်နှင့်နီးလွန်းသောကြောင့်ဘင်္ဂလားပင်လယ်အော်တွင်ဖြစ် ပေါ် လေ့ရှိသော မုန်တိုင်းနှင့် ဆက်စပ်အန္တရာယ်များကြုံတွေ့ရနိုင် ပါသည်၊
၇	မီးဘေး	အနည်းငယ်	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၈	ဆားငန်ရေဝင်ရောက်ခြင်း	မြင့်မား	ရေနက်ကွင်း လယ်ဧက(၅၇)ကတွင် နှစ်စဉ်ဆားငန်ရေဝင်ရောက်လေ့ရှိပြီး ကိုယ်ထူကိုယ်ထအတားအဆီးများ ပြုလုပ်၍ဆုံးရှုံးမှုနည်း အောင် ဆောင်ရွက်ကြပါသည်။
၉	မြေဆီလွှာဆုတ်ယုတ်ခြင်း	အသင့်အတင့်	ဓါတ်မြေဩဇာကိုတိုင်းအတာတစ်ခုအထိအသုံးစွဲလာကြသောကြောင့် မြေဆီလွှာအရည်အသွေးကိုထိခိုက်လာပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇၊ **ဇူလိုင်လ**၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ပုံမှန်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရနိုင်ပါသည်။ အလယ်အလတ်တန်းတောင်သူများနှင့်တောင်သူကြီးများသည် ၎င်းတို့၏လယ်ယာမြေများတွင် လေမုန်တိုင်းကျရောက်ချိန် မိုးများစွာရွာသွန်းခြင်းနှင့် ရေနက်ကွင်းလယ်များတွင် ဆားငန်ရေဝင်ရောက်ခြင်းကဲ့သို့သောသဘာဝဘေးအန္တရာယ်များကြောင့် သီးနှံအထွက်နှုန်း လျော့ကျစေနိုင်မှု အခြေအနေမြင့်မားပါသည်။ ထို့ပြင် တောင်သူအများစုသည် ဓါတ်မြေဩဇာသုံးစွဲလာကြသောကြောင့် မြေဆီလွှာအရည်အသွေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေပါသည်။ အချုပ်အားဖြင့် မုန်တိုင်းကျရောက်တတ်ခြင်း၊ ရေနက်ကွင်းလယ်များတွင် ဆားငန်ရေဝင်ရောက်ခြင်းနှင့် ဝမ်းစာမဖူလုံမှုမှာ ကျေးရွာအတွက်ထိခိုက်လွယ်နိုင်ဆုံးသော အန္တရာယ်များပင်ဖြစ်ပါသည်။

၁.၅.၄။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား(၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အဖွဲ့	အန္တရာယ်ဖြစ်နိုင်ခြေ အဆင့်	မှတ်ချက်
၁	အမျိုးသမီးဦးဆောင်သော ဆင်းရဲသားအဖွဲ့	မြင့်များ	စားနပ်ရိက္ခာ လုံလောက်မှုမရှိခြင်း နှင့် ကျန်းမာရေး၊ လူမှုရေး ပြဿနာများ ကြုံတွေ့ရနိုင်
၂	မြေယာမဲ့ ဆင်းရဲသား ကျဘန်းမိသားစုများ	အသင့်အတင့်	ရာသီအလိုက် ဝင်ငွေရလုပ်ငန်းများသာ အားထားနေရသဖြင့် ပုံမှန်ဝင်ငွေရနိုင်သောအလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်းနှင့် ကြုံတွေ့ ရနိုင်
၃	ဆင်းရဲသားတောင်သူများအဖွဲ့	အသင့်အတင့်	မိုးရေချိန်များလွန်းခြင်း၊ဆားငန်ရေဝင်ရောက်တတ်ခြင်း၊ သီးနှံနှင့် တိရစ္ဆာန်ရောဂါ၊ စားနပ်ရိက္ခာ လုံလောက်မှုမရှိခြင်းနှင့် ကြုံတွေ့ရနိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီး ဦးဆောင်သော ဆင်းရဲသာမိသားစုများသည် စားနပ်ရိက္ခာ လုံလောက်မှုမရှိခြင်းအပြင် လူမှုရေးနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။ မြေယာမဲ့ ဆင်းရဲသားကျဘန်းမိသားစုများသည် ရာသီအလိုက် ဝင်ငွေရလုပ်ငန်းများသာ အားထားနေရသဖြင့် ပုံမှန်ဝင်ငွေရနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း၊ စားနပ်ရိက္ခာ လုံလောက်မှုမရှိခြင်းနှင့် ကြုံတွေ့ရနိုင်ပါသည်။ ဆင်းရဲသားတောင်သူများသည် မိုးရေချိန်များလွန်းခြင်း၊ ဆားငန်ရေဝင်ရောက်တတ်ခြင်း၊ သီးနှံနှင့် တိရိစ္ဆာန်ရောဂါကျရောက်တတ်ခြင်း၊ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းစသည့် အန္တရာယ်နှင့်ကြုံတွေ့နိုင်ပါသည်။

၂. ကဏ္ဍ အသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဖွဲ့ဝင်ဦးရေ			အဓိကဆောင်ရွက်သော လုပ်ငန်း	စတင်ဖွဲ့စည်းသည့် ပုဂ္ဂိုလ်
		ကျား	မ	ပေါင်း		
၁	ကျေးရွာလူငယ်အဖွဲ့	၃၉	၂၃	၆၂	လူမှုရေးကဏ္ဍ	ကျေးရွာလူငယ်များ
၂	အမျိုးသမီးရေးရာ	-	၁၅	၁၅	အမျိုးသမီးကဏ္ဍ	ပြင်ပမှဖွဲ့စည်းပေး
၃	VCC	၅	-	၅	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	ပြင်ပမှဖွဲ့စည်းပေး
၄	မီးသတ်တပ်ဖွဲ့	၁၅	-	၁၅	မီးဘေးအန္တရာယ်ကာကွယ်တားဆီးပေး	ပြင်ပမှဖွဲ့စည်းပေး
၅	မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့	-	၁၅	၁၅	ကလေးငယ်များကျန်းမာရေးစောင့်ရှောက်ရေး	ပြင်ပမှဖွဲ့စည်းပေး
၆	ဂေါပကအဖွဲ့	၈	-	၈	ဘာသာရေးလုပ်ငန်းများ	ကျေးရွာသားများ

စဉ်	အဖွဲ့အစည်းအမည်	အဖွဲ့ဝင်ဦးရေ			အဓိကဆောင်ရွက်သော လုပ်ငန်း	စတင်ဖွဲ့စည်း သည့် ပုဂ္ဂိုလ်
		ကျား	မ	ပေါင်း		
၇	စိုက်ဘဏ်အဖွဲ့	၅	-	၅	စိုက်ပျိုးရေးချေးငွေကဏ္ဍ	ကျေးရွာသားများ
၈	စိုက်သမအဖွဲ့	၉	၂	၁၁	စိုက်ပျိုးရေးချေးငွေကဏ္ဍ	ကျေးရွာသားများ
၉	ပညာရေးကော်မတီ	၄	၃	၇	ပညာရေးကဏ္ဍ	ကျေးရွာသားများ

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။လူထုအခြေပြုအဖွဲ့(၅)ဖွဲ့ကို မိမိတို့ဘာသာဖွဲ့စည်းပြီး ကျေးရွာလူထု အကျိုးပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ ကျေးရွာတွင် လူငယ်ဖွံ့ဖြိုးရေး အဖွဲ့ကို ၂၀၀၇ ခုနှစ်မှစတင်၍ နာယက (၆)ဦး ဖြင့် စတင်ဖွဲ့စည်းပြီး ယခုအခါ အဖွဲ့ဝင်(၆၂)ဦးထိရှိလာပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ဘာသာရေးနှင့် မီးလင်းရေးကိစ္စရပ်များတွင် တက်ကြွစာပါဝင် ဆောင်ရွက်ကြပါသည်။ VCC ခေါ် ကျေးရွာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို အမျိုးသား (၅)ဦး ဖြင့် ဖွဲ့စည်းပြီး အစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ခြင်း၊ ဒီရေတောများ ထိန်သိမ်းခြင်းနှင့် စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး ဆိုင်ရာသင်တန်းများ ကျင်းပခြင်းပြုလုပ်ကြပါသည်။

၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား(၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	သဘာဝပတ်ဝန်ကျင်ဆိုင်ရာ တန်ဖိုးများပြန်လည်ထူထောင်ရေးစီမံကိန်း(MERN Project)	ဒေသတွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ	သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး ဆိုင်ရာသင်တန်းများ

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။၂၀၁၁ ခုနှစ်တွင် ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသ လူနေမှုဘဝမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများပြန်လည်ထူထောင်ရေးစီမံကိန်း (MERN Project) ၏ အစီအစဉ်ဖြင့် VCCခေါ် ကျေးရွာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို အမျိုးသား(၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး VCC၏ဦးဆောင်မှုဖြင့် ကျေးရွာအစုအဖွဲ့ပိုင်သစ်တော (CF) ၈က(၂၀၀)ကို နှစ်(၃၀)ဂရံ အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။

၂.၂။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၂.၂.၁။ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁။စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေယာပိုင်ဆိုင်မှုပမာဏ	အိမ်ခြေ	စုစုပေါင်းအိမ်ထောင်စု %
၁	မြေမဲ့ယာမဲ့	၄၃	၄၇.၃%
၂	၀-၂. ၅ ဧကအောက် (၁ ဟတ်တာ)	၄	၄.၄%
၃	၂.၅- ၅ ဧကကြား(၁-၂ ဟတ်တာ)	၁၉	၂၀.၉%
၄	(၅- ၁၂.၅) ဧကအထက်(၂-၅ ဟတ်တာ)	၂၅	၂၇.၄ %
၅	(၁၂.၅) ဧကအထက်(၅ ဟတ်တာအထက်)	-	-
	စုစုပေါင်း	၉၁	၁၀၀%

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအိမ်ထောင်စုအားလုံး၏ ၄၇.၃%သည် မြေယာမဲ့များဖြစ်သည်ဟု ဖော်ပြထားပြီးဆင်းရဲချမ်းသာအဆင့်ခွဲခြားမှု နည်းလမ်တွင်လည်းယေဘုယျအားဖြင့် ဆင်းရဲသည်ဟု ဖော်ပြထားပါသည်။ ကျေးရွာ လူဦးရေ၏ ၄.၄%သည် မြေယာ(၂.၅)ဧက အောက်ပိုင်ဆိုင်သူများ နှင့် ၂၀.၉%သည် မြေယာ(၂.၅)ဧကနှင့် (၅)ဧကနှင့်ကြားပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ၂၇.၄%သည် မြေယာ(၅)ဧကနှင့်(၁၂.၅)ဧက ကြားပိုင်ဆိုင်သူများဖြစ်ကြပါသည်။

၂.၂.၁.၂။ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တန်စပတ်လုံး/ရာသီအလိုက်)
၁	ဆည်	မရှိ		
၂	ရေလွှဲဆည်	မရှိ		
၃	မြစ်ရေတင်စီမံကိန်း	မရှိ		
၄	ဆည်မြောင်း	မရှိ		
၅	အဝီစိတွင်း	မရှိ		
၆	လက်ဝင် ရေတွင်း	မရှိ		
၇	စိမ့်စမ်းရေ	မရှိ		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေရှိနိုင်သော ရေအရင်းအမြစ်များမရှိပါ။ မြေအောက်ရေ အလွယ်တကူတူးဖော်နိုင်သော်လည်း မြေအောက်ရေကို စုပ်တင်ရန်အတွက် အင်ဂျင်စက်ဝယ်ရခြင်း၊ စက်သုံးဆီအတွက် ငွေကုန်ကြေးကျများခြင်း၊ သီးနှံများဝေးကွက်မခိုင်မာခြင်းတို့ကြောင့် အရင်းအနှီးနှင့်အကျိုးအမြတ် တွက်ချေ မကိုက်ပါ။

၂.၂.၁.၃။ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၄)အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၂၄၈.၀၄	တင်း	၄၀	၄၅	၅၀	ဝါဆို - သီတင်းကျွတ်	အလယ်အလတ်	အလယ်အလတ်	မိုးရေသောက်
မြေပဲ	၁၂	တင်း	၅၀	၅၀	၅၅	ဝါဆို-တော်သလင်း, သီတင်းကျွတ်–ပြသို	အလယ်အလတ်	နိမ့်	အရင်းအနှီး များလွန်း
ငရုတ်	၃	ပိဿာ	၁၃၀၀	၁၅၀၀	၁၄၀၀	သီတင်းကျွတ်–ပြသို	အလယ်အလတ်	အလယ်အလတ်	မိသားစုစားသုံးရန်
ကွမ်းရွက်	၁	အည္ဇန်	၁၅၀၀၀	၂၀၀၀၀	၁၈၀၀၀	တနှစ်ပတ်လုံး	အလယ်အလတ်	မြင့်	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူ(၄၈)ဦးရှိ၍ တစ်ဦးလျှင် ပျမ်းမျှလယ်ဧက (၅.၁) ဧကနှုန်းခန့် ပိုင်ဆိုင်ပြီး လယ်ဧကစုစုပေါင်း (၂၄၈.၀၄) ဧကရှိပါသည်။ ယာမြေစုစုပေါင်း (၁၆) ဧကဝန်ကျင်ရှိပြီး မြေပဲ၊ ငရုတ်နှင့် ကွမ်းတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။မြေပဲကို မိုးပဲနှင့် ဆောင်းပဲဟူ၍ တစ်နှစ်လျှင် (၂)ကြိမ်စိုက်ပျိုးကြပါသည်။ မိုးပဲထက် ဆောင်းပဲကို ပို၍အားထားစိုက်ပျိုးကြပြီး အချို့လယ်မြေများတွင် စပါးရိတ်သိမ်းပြီး ကျန်ရှိသော အစိုဓါတ်ကို အသုံးပြု၍ ဆောင်းပဲကို စိုက်ပျိုးကြပါသည်။ မြေပဲသည် တစ်ဧကလျှင်(၅၅)တင်းဝန်းကျင် ထွက်ပါသည်။ မျိုးဖိုးငွေပမာဏများခြင်း၊ ပေါင်းမြက်များကို(၃)ကြိမ်အထိ သုတ်သင်ရခြင်း၊ အလုပ်သမားခ ဈေးကြီးခြင်းတို့ကြောင့် တွက်ချေမကိုက်သော်လည်း မြေပဲဆီကိုမိသားစု စားသုံးရန်အတွက် စိုက်ပျိုးကြပါသည်။ မိုးနှင့်ဆောင်းရာသီတွင် ချဉ်ပေါင်၊ ခရမ်း၊ ပဲတောင့်ရှည်၊ သခွားစသည့် ဟင်းသီးနှံများကို အိမ်သုံးအဖြစ် စိုက်ပျိုးကြပါသည်။ စပါးကို မိုးရာသီတွင် တစ်သီးစားအဖြစ် ကုန်းတွင်းလယ်များတွင် စိုက်ပျိုးကြပြီး မိုးရေချိန်လက်မသည် တစ်နှစ် လျှင်ပျမ်းမျှ (၂၁၀)လက်မဝန်းကျင် ရရှိသောကြောင့် ရေလုံလောက်မှုရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁)ဧကလျှင် (၅၀)တင်းဝန်းကျင် သာထွက်ရှိသောကြောင့် အကျိုးအမြတ်များစွာမရဘဲ မိသားစု စားသုံးနိုင်ရန်အတွက် စိုက်ပျိုးကြပါသည်။ အထွက်နှုန်း ကောင်းသောပြည်မမှစပါးမျိုးများကို စမ်းသပ် စိုက်ပျိုးကြည့် သော်လည်းမိုးများလွန်းခြင်း၊ စပါးပင်များ ရေနှစ်မြုပ်ခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှု မရှိခဲ့ပါ။ အဓိကသီးနှံမှာ

စပါးကို မိုးသီးနှံအဖြစ် စိုက်ပျိုးကြပြီး မြေပဲနှင့်ငရုတ်ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ စပါးမျိုးအနေဖြင့် ဒေသတွင်းအသုံးများသော စပါးမျိုးများဖြစ်သော စပါးမျိုးများအဖြစ် ကရင်မ၊ ရိုးကြီး၊ ယာထွန်းတို့ကို ရေနက်ကွင်းလယ်မြေများတွင် စိုက်ပျိုးကြပြီး သက်ရင့်စပါးမျိုးအဖြစ် မနောသုခ၊ တဆုတ်ယဉ်တို့ကို ကုန်းဆန်သောလယ်မြေများတွင် စိုက်ပျိုးကြပါသည်။

၂.၂.၁.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၃		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။လက်တွန်းထွန်စက်(၃) စီးကို တောင်သူဦးကြီး(၃)ဦးမှ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ဟင်္သာတGBSကုမ္ပဏီမှ ကျပ်(၁၉)သိန်းဖြင့် အရစ်ကျဝယ်ယူခဲ့ကြပါသည်။ စက်ဖိုးပေးချေရာတွင် ပထမအရစ်၄၀%၊ ဒုတိယနှင့် တတိယအရစ်တွင် ၃၀% စီကို တစ်နှစ်အတွင်း ကြေအောင်ပေးချေရပါသည်။ လက်တွန်းထွန်စက် မပိုင်ဆိုင်သော တောင်သူများအနေဖြင့် မြေတစ်လွှာတစ်ဧကလျှင် (၁၀၀၀၀)ကျပ်ပေးကာ မြေထွန်ယက်ခြင်းလုပ်ငန်းအတွက် ငှားရမ်းကြပါသည်။

၂.၂.၁.၅။ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

စဉ်	အခြေအနေ	ရှိ/ မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
၁	စိုက်ပျိုးမြေ(မြေဩဇာ အတင့်အသင့်ကောင်း)	ရှိ	တစ်ဧကလျှင် စပါးတင်း(၅၀)ခန့်ထွက်ရှိပါသည်။ ဒေသနှင့် ကိုက်ညီသောနည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိပါကပိုမိုအကျိုးဖြစ်ထွန်းနိုင်ပါသည်။
၂	ချေးငွေရရှိမှု	ရှိ	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်လလျှင်အတိုးနှုန်း (၄၂) ပြားနှုန်းဖြင့် ၄င်း၊မြို့နယ်သမဝါယမဦးစီးဌာနမှ တစ်လလျှင် အတိုးနှုန်း (၆၀)ပြားနှုန်းဖြင့် ၄င်း၊ လူငယ်ရံပုံငွေမှတစ်လလျှင် (၅) ကျပ် အတိုးနှုန်းဖြင့် ချေးငွေများရရှိနိုင်
၃	သွင်းအားစုလက် လှမ်းမှီမှု	ရှိ	၀ွမြို့တွင်အလွယ်တကူဝယ်ယူအသုံးပြုနိုင်
၄	စိုက်ပျိုးရေးထုတ်ကုန် နှင့် ကုန်စည်ရောင်း ဝယ်မှု	ရှိ	၀ွမြို့နှင့်သံတွဲမြို့များသို့ အလွယ်တကူ ရောင်းချနိုင်ပါသည်။
၅	လမ်းပန်းဆက်သွယ် ရေး	ရှိ	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍အလွယ်တကူ ဈေးကွက်သို့ ရောင်းချနိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာမြေများသည် မြေဩဇာအသင့်အတင့် ကောင်းမွန်ပြီး မိုးတွင်းကာလတွင် ရေလုံလောက်စွာ ရရှိပါသည်။ ထုတ်ကုန်ပိုမိုထွက်ရှိစေရန်အတွက် တစ်နှစ်လျှင် နှစ်သီးစားစိုက်ပျိုးရေးပြုလုပ်နိုင်ရန် နွေရာသီ၌ သွင်းရေလိုအပ်ပါသည်။ မြေအောက်ရေ အလွယ်တကူ တူးဖော်နိုင်သော်လည်း မြေအောက်ရေကို စုပ်တင်ရန်အတွက် အင်ဂျင်စက်ဝယ်ရခြင်း၊ စက်သုံးဆီအတွက် ငွေကုန်ကြေးကျများခြင်းစသောအခက်အခဲများရှိနိုင်ပါသည်။ ချေးငွေအတွက် ဂွမ်းမြူမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာဂေါပကအဖွဲ့ထံမှ ချေးယူရရှိနိုင်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များကို ဂွမ်းမြူနှင့်သံတွဲမြို့များသို့ ရောင်းချနိုင်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ သီးနှံနှစ်သီးစားစနစ်ဖြင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်ရန်လိုအပ်ခြင်းမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ဖြစ်ပါသည်။

၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၇)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

စဉ်	ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	မြေယာအသုံးချနိုင်မှု	စိုက်ပျိုးမြေ ထပ်မံတိုးချဲ့၍မဖြစ်နိုင်ခြင်း
၂	ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု	တောင်သူများအတွက် အမှန်တကယ်လိုအပ်သလောက် ချေးငွေ မရရှိနိုင်
၃	သွင်းအားစုတတ်နိုင်မှု	လိုအပ်သော သွင်းအားစုများကို လိုအပ်သလောက် အချိန်မီ မြှုပ်နှံရန် တောင်သူများတွင် ကိုယ်ပိုင်အရင်းအနှီးမရှိ
၄	စိုက်ပျိုးရေရရှိမှု	နွေရာသီရေသွင်းစိုက်ပျိုးရေးစနစ်အတွက်အရင်းအမြစ်ရှားပါး
၅	ဆားငန်ရေဝင် ရောက်ခြင်း	ရေနက်ကွင်းလယ်ဧက(၅၇)ဧကတွင်နှစ်စဉ်ဆားငန်ရေဝင် ရောက် လေ့ရှိခြင်း
၆	ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	စပါး၊ ကွမ်းရွက်တွင်ကျရောက်တတ်ပြီး တောင်သူများတွင် သီးနှံ ကာကွယ်ခြင်း နှင့်ဆိုင်သော အသိပညာ နည်းပါးခြင်း
၇	နည်းပညာရရှိနိုင်မှု	သက်ဆိုင်ရာအစိုးရဌာနမှ ခေတ်မီနည်းပညာများရရှိရန်ခက်ခဲ
၈	ဈေးနှုန်းမတည်ငြိမ်မှု၊ငွေကြေးဖောင်းပွမှုနှင့်ဈေးကွက်မငြိမ်သက်မှု	သီးနှံဈေးကွက်အတက်အကျဖြစ်ခြင်း၊စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပကိုတင်ပို့ရန် အကုန်အကျများလွန်းခြင်း
၉	အစိုးရမူဝါဒနှင့် ပံ့ပိုးပေးမှု	လယ်သမားများအား အကာအကွယ်ပေးသောမူဝါဒ အစိုးရတွင် မရှိသေးခြင်း(ဥပမာ-သဘာဝဘေးကြောင့်သီးနှံများပျက်စီးဆုံးရှုံးချိန်တွင် အစိုးရထံမှ အကူအညီမရရှိခြင်း)

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာပိုင်စိုက်ပျိုးမြေသည် အခြားကျေးရွာမှပိုင်ဆိုင်သော စိုက်ပျိုးမြေများနှင့် တစ်ဆက်တည်းရှိသောကြောင့် ထပ်မံတိုးချဲ့၍မရနိုင်တော့ပါ။ ခေတ်မှီသော စိုက်ပျိုးနည်းစနစ်များနှင့် အလှမ်းကွာဝေးလွန်းပြီး မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြု စိုက်ပျိုးနေခြင်းကြောင့် သီးနှံအထွက်နှုန်း မကောင်းပါ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် လူငယ်ရံပုံငွေများမှ ချေးငွေရရှိနိုင်သော်လည်း တောင်သူများအနေဖြင့် လုံလောက်သော ငွေပမာဏမရရှိနိုင်ပါ။ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ရေအရင်းအမြစ် မရှိသောကြောင့် တစ်သီးစားစနစ်ကိုသာ ကျင့်သုံးကြရပါသည်။ နည်းပညာနှင့်ပတ်သက်၍ ဗဟုသုတနည်း

ပါးသောကြောင့် သီးနှံဖျက်ပိုးများနှင့် ရောဂါကျရောက်မှုမှ ကာကွယ်ရန် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ ယုံကြည်စိတ်ချရလောက်သော ဈေးကွက်မရှိသောကြောင့် ထုတ်ကုန်သီးနှံများ ထိုက်သင့်သလောက် အကျိုးအမြတ်မရကြပါ။ ထို့ပြင် အစိုးရတွင်လယ်သမားများအား အကာအကွယ်ပေးသော မူဝါဒနှင့် နည်းဥပဒေများ မရှိသေးသောကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ရုန်းကန်နေကြရပါသည်။

၂.၂.၂။ မွေးမြူရေးလုပ်ငန်း

၂.၂.၂.၁။ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၃၆	(၃၆)အိမ်ထောင်စုမှ (၁၀၁)ကောင်မွေးမြူထားပါသည်။
ကျွဲ	၁၃	(၃၄)ကောင်မွေးမြူထားရှိပါသည်။
ဝက်	၂၇	(၄၉)ကောင်မွေးမြူထားရှိပါသည်။
ဘဲ	၇	(၃၅)ကောင်မွေးမြူထားရှိပါသည်။
ကြက်	၄၁	(၃၈၂)ကောင်မွေးမြူထားပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ဝက်မွေးမြူရေးသည် ဆင်းရဲသောအိမ်ထောင်စုများအတွက် အကျိုးရှိသော လုပ်ငန်းဖြစ်သောကြောင့်(၂၇) အိမ်ထောင်စုသည်ဝက်မွေးကြပါသည်။ အိမ်ထောင်ရှင် အမျိုးသမီးများအနေဖြင့် မိသားစုအိမ်မှုလုပ်ငန်း လုပ်ကိုင်ရင်း အလွယ်တကူမွေးမြူ၍ ဈေးကွက်သို့ တင်ပို့နိုင်သော်လည်း တစ်ခါတစ်ရံတွင် ဖွဲ၊ဆန်ကွဲဈေးနှုန်းကြီးမားမှုကြောင့် အမြတ်နည်းပါးတတ်ပါသည်။ နွားပိုင်ဆိုသည့် အိမ်ထောင်စုမှာ (၃၆) ရှိပါသည်။နွားမွေးမြူရေးသည် ကျေးရွာသားများအတွက် မိရိုးဖလာလုပ်ငန်းဖြစ်သော်လည်း လယ်ယာလုပ်ငန်းခွင်တွင်ခိုင်းစေရန်နှင့် အချို့ကိုရောင်းချနိုင်အတွက် မွေးမြူကြသော်လည်း ဆင်းရဲသားအိမ်ထောင်စုများအတွက် အခက်အခဲမှာ နွားဝယ်ယူရန် အရင်းအနှီး မတတ်နိုင်ခြင်းနှင့် နွားရောဂါရံဖန်ရံခါ ကျရောက်တတ်ခြင်းဖြစ်ပါသည်။

၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဇယား(၁၉) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

စဉ်	အခွင့်အလမ်းများ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
၁	တိရိစ္ဆာန်အစားအစာ	ရှိ	တိရိစ္ဆာန်များအတွက် ကောက်ရိုးနှင့် ရွာအနီးအနားတွင် ပေါက်ရောက်သော နွယ်မြတ်ပင်များပေါများစွာရှိခြင်းကြောင့် အစားအစာ ဖူလုံမှုရှိခြင်း၊
၂	သွင်းအားစုဈေးကွက်	ရှိ	တိရိစ္ဆာန်အတွက် လိုအပ်သောဆေး/အစာများကို သံတွဲမြို့တွင် ဝယ်ယူရရှိနိုင်ခြင်း
၃	ဝန်ဆောင်မှုဆိုင်ရာဈေး	ရှိ	ဂွမြို့နယ် တိမွေး/ကုဋီးစီးဌာန၊

စဉ်	အခွင့်အလမ်းများ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
	ကွက်		
၄	ထုတ်ကုန်စျေးကွက်	ရှိ	ပွဲစားထံအလွယ်တကူ ရောင်းချနိုင်ခြင်း (သို့) ဂွမြို့သို့ သွားရောက် ရောင်းချနိုင်ခြင်း
၅	ချေးငွေရရှိနိုင်မှု	ရှိ	ကျေးရွာလူငယ်ရန်ပုံငွေ
၆	လမ်းပန်းဆက်သွယ်ရေး	ရှိ	နေ့စဉ်ပုံမှန်မော်တော်ဆိုင်ကယ်နှင့် ကားများပြေးဆွဲသဖြင့် စျေးကွက်သို့ အချိန်မှီတင်ပို့နိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တစ်နှစ်လျှင် မိုးရေချိန်လက်မ (၂၁၀)ပန်းကျင်ရရှိပြီး နွယ်မြက်သစ်ပင်များ ကောင်းမွန်စွာရှင်သန်ပေါက်ရောက်နိုင်၍ နွားများအတွက် အစာအဖြစ် အလွယ်တကူ ရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နွားမွေးမြူရေးလုပ်ငန်းတစ်ခုသည် ကျေးရွာအတွက် ဝင်ငွေတိုးတက်နိုင်မည့် အကျိုးအမြတ်များသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ နွားတစ်ကောင်လျှင် (နှစ်သိန်းကျပ်မှခြောက်သိန်း)ကျပ် အထိအရွယ်အစားနှင့် မျိုးကောင်းမျိုးသန့်ပေါ်မူတည်၍ ဈေးကောင်းရရှိနိုင်ပြီး အထီးသည်အမထက် ဈေးပိုရပါသည်။ နွားကို ပတ်ဝန်းကျင် ကျေးရွာများအပြင် ဂွမြို့နှင့် သံတွဲမြို့များသို့ တရားဝင်ရောင်းချနိုင်ပါသည်။

၂.၂.၂.၃။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

စဉ်	ပြဿနာ နှင့် အခက်အခဲစိန်ခေါ်မှုများ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
၁	နည်းပညာအားနည်းခြင်း	ရှိ	စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေး၊ စီမံခန့်ခွဲမှုစသည့် နည်းပညာနှင့် ဗဟုသုတတို့ အားနည်းခြင်း
၂	မျိုးကောင်းမျိုးသန့်	ရှိ	နွားမျိုးကောင်းမျိုးသန့် ဝယ်ယူမွေးမြူရန် အရင်းအနှီးများခြင်း၊ ၄င်းမျိုး ကောင်း နွားများသည် ဒေသရေမြေရာသီနှင့် မကိုက်ညီဟုအထင်ရှိနေကြခြင်း
၃	ရောဂါများကျရောက်တတ် ခြင်း	ရှိ	တိရစ္ဆာန်အသိပညာနည်းပါးခြင်းနှင့်ကာကွယ်ဆေးပြည့်မီစွာထိုးနှံလေ့မရှိခြင်း
၄	ချေးငွေ	ရှိ	တိရစ္ဆာန်တိုးတက်မွေးမြူရန်အတွက်လိုအပ်သောချေးငွေဝန်ဆောင်မှုများ လက်လှမ်း မမှီခြင်း

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဆင်းရဲသားမိသားစုများအတွက် တိရိစ္ဆာန်များမွေးမြူနိုင်ရန် လုံလောက်သော ချေးငွေစနစ်မရှိပါ။ ကျေးရွာသားများသည် မျိုးကောင်းမျိုးသန့်မွေးမြူရေး အသိပညာဗဟုသုတနှင့် စိတ်ဝင်စားမှုအားနဲခြင်းကြောင့် ဒေသမျိုးများကိုသာ မွေးမြူနေကြရပါသည်။ တစ်ခါတစ်ရံ ရောဂါဆိုးဆိုးရွားရွား ကျရောက်ချိန်တွင် ကာကွယ်ကုသသော နည်းပညာများ အလှမ်းကွာဝေးခြင်းနှင့် မိမိတို့ဘာသာ ဆေးမီးတိုများဖြင့်ကုသခြင်း၊ တိရိစ္ဆာန်ကျန်းမာရေး အသိပညာနှင့်

ပတ်သက်၍ တိမ်းကုဋ္ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော အတွေ့အကြုံ အားနည်းခြင်းတို့ကြောင့် မလိုအပ်ဘဲ တိရစ္ဆာန်များဆုံးရှုံးမှုများနှင့် ကြုံတွေ့ရင်ဆိုင် နေရပါသည်။ နွားများကို ပြည်တွင်းဈေးကွက်သို့ ထိုက်သင့်သော ဈေးနှုန်းဖြင့်တရားဝင်ရောင်းချနိုင်သော်လည်း တစ်ခါတစ်ရံတွင် ဈေးကွက်ပျက်ခြင်း ဈေးနှိမ်၍ဖယ်ယူခြင်းများ ကြုံတွေ့ရပါသည်။

၂.၂.၃။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

၂.၂.၃.၁။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	
၂	ထုတ်ကုန်လုပ်ငန်း	၁		၁	(လတ်)စပါးစက်ပိုင်ဆိုင်သူများ
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး			၁	(လတ်)အင်ဂျင်ဖြင့်လျှပ်စစ်မီးဖြန့်ဖြူးခြင်း
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း			၂	(နိမ့်)ပန်းရံ၊လက်သမားလုပ်ငန်း
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး			၁	(နိမ့်)စက်ပြင်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၆		၆	(လတ်)အိမ်ဆိုင်များ
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး				
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ် ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)	-	-	-	
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ	-	-	-	

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက်
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)	၂		-	(လတ်)အုပ်ချုပ်ရေးမှူး(၁)အိမ်၊ အုပ်စုစာရေး(၁)အိမ်
၁၃	ပညာရေး	၂		-	(လတ်)မူလတန်းပညာရေး
၁၄	ကျန်းမာရေး	-	-	-	
၁၅	လူမှုရေး လုပ်ငန်းများ	-	-	-	
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၃၀			(နိမ့်) ရာသီပေါ်လုပ်ငန်းများဖြစ်သည့်ခနိုယက်လုပ်ခြင်း၊ လမ်းခင်းခြင်း၊မျစ်ချိုးခြင်းနှင့် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်သားအဖြစ်လုပ်ကိုင်ခြင်း
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ		၇	-	(လတ်)ရန်ကုန်သို့ (၅)ဦး ရွှေပန်းတိမ်အပါအဝင်ကုမ္ပဏီများတွင်အလုပ်လုပ်ရန်နှင့် ထိုင်းနိုင်ငံသို့(၁)ဦးနှင့် မလေးရှားသို့ (၁)ဦးအလုပ်ကြမ်းလုပ်ကိုင်ရန်သွားရောက်
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	၄၁	၇	၁၁	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိကျပန်းလုပ်သားများသည် ခနိုယက်လုပ်ခြင်း၊ထင်းခုတ်ခြင်း၊ လမ်းခင်းခြင်း၊မျစ်ချိုးခြင်း ၊ဝါးခုတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြ၍ တစ်နေ့လျှင်(၂၅၀၀)ကျပ်မှ (၃၅၀၀) ကျပ်အထိ လုပ်ငန်းအမျိုးအစား အလိုက်ရရှိကြပါသည်။ သို့သော်တနှစ်ပတ်လုံးပုံမှန် ၀င်ငွေရသောအလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသည်ကို တွေ့ရှိရပါသည်။ ထိုင်းနှင့် မလေးရှားသို့ သွားရောက်၍ဆောက်လုပ်ရေး လုပ်ငန်းများတွင်အလုပ်ကိုင်သူ(၂)ဦး၊ရန်ကုန်မြို့တွင် ရွှေပန်းတိမ်များ၊ ကုမ္ပဏီများနှင့် စက်ရုံများတွင် အလုပ်လုပ်ကိုင်သူ (၅) ဦးရှိပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ၊ ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကျေးရွာသည်ပင်လယ်နှင့်(၃)မိုင်ခန့်အကွာတွင် တည်ရှိသောကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းများလုပ်နိုင်	အရင်းအနှီးမရှိခြင်း၊အတွေ့အကြုံမရှိခြင်း၊နည်းပညာအားနဲခြင်း၊ ဘာသာရေးအရ မလုပ်လိုခြင်း၊ပင်လယ်သို့စက်လှေဖြင့် သွားရောက်ရန်ချောင်းလမ်း မကောင်းခြင်း၊ရွာပိုင်စက်လှေများရပ်နားနိုင်ရန် လုံခြုံစိတ်ချရသော နေရာမရှိခြင်း
အလုပ်ကြမ်းလုပ်သားများကျေးရွာတွင် ပေါများစွာရှိနေခြင်း	ကျပန်းလုပ်ငန်းများအဖြစ်လမ်းခင်းခြင်း၊စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နိုင်သော်လည်း တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရ လုပ်ငန်းရှားပါးခြင်း။
ခနိရက်လုပ်ခြင်းလုပ်ငန်းအားတိုးချဲ့လုပ်ကိုင်နိုင်ခြင်း	အရင်းအနှီးနဲပါးခြင်း၊ဈေးကွက်အတွေ့အကြုံမရှိခြင်း၊အဆက်အသွယ်မရှိခြင်း

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ရေငန်ငါးဖမ်းခြင်းလုပ်ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ဝင်ငွေရနိုင်သော လုပ်ငန်းဖြစ်သော်လည်း ကျေးရွာပိုင်ငါးဖမ်းစက်လှေများ ပင်လယ်ကမ်းစပ်တွင်ထားရန် လုံခြုံမှုမရှိခြင်း၊နည်းပညာ၊ ငွေအရင်း အနှီးမရှိခြင်းနှင့် လုပ်ငန်းအသစ်တစ်ခုကို စွန့်ဦးတီထွင်လုပ်ကိုင်နိုင်သော အတွေ့အကြုံမရှိခြင်းတို့ကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းကို အကောင်အထည်မဖော်နိုင်ကြပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအသက်အရွယ် များစွာရှိသော်လည်း ၄င်းတို့တွင် အသက်မွေးဝမ်းကြောင်းပြုနိုင်လောက်သော နည်းပညာများ အားနည်းခြင်း၊ အဆက်အသွယ်များမရှိခြင်းတို့ကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မလုပ်ကိုင်နိုင်ကြပါ။ ဒေသတွင်း နွားရောင်းဝယ်ခြင်းဈေးကွက်သည် အခွင့်အလမ်းတစ်ခုအနေဖြင့် ရှိနေသော်လည်း ကျေးရွာသားများသည် အရင်းအနှီးမရှိခြင်း၊ ဈေးကွက်အတွေ့အကြုံမရှိခြင်း၊ အဆက်အသွယ်မရှိခြင်းတို့ကြောင့် အခြားမြို့ရွာများမှ ပွဲစားများမှတဆင့် ရောင်းချနေကြရပါသည်။

၂.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

စဉ်	ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
၁	ကျေးရွာမှအကွာအဝေး (ကီလိုမီတာ)	၀ွမြို့ဈေးသို့ (၈)ကီလိုမီတာ	၀ွမြို့နယ်ဈေးသို့(၈)ကီလိုမီတာ
၂	သယ်ယူပို့ဆောင်ရေးလမ်းကြောင်း	လိုင်းကား၊မော်တော်ဆိုင်ကယ်	လိုင်းကား၊ မော်တော် ဆိုင်ကယ်
၃	ရရှိနိုင်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ	အမယ်မျိုးစုံ(အစားအစာ၊ အဝတ်အစား၊ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊သယ်ယူပို့ဆောင်ရေးပစ္စည်း၊	အမယ်မျိုးစုံ(အစားအစာ၊အဝတ်အစား၊ ဆောက်လုပ်ရေးပစ္စည်း၊လျှပ်စစ်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေးပစ္စည်း၊

စဉ်	ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
၄	ဈေးအဆောက်အဦးနှင့်ဝန်ဆောင်မှု	ဈေးအဆောက်အဦးအသင့်အတင့်ကောင်းမွန် ပါသည်။ ပုံမှန်ဈေးဖြစ်ပြီး ဆိုင်ကယ်၊ ကား၊ လိုင်းကားဖြင့်သွားနိုင်၊	ဈေးအဆောက်အဦးအသင့်အတင့်ကောင်းမွန်ပါသည်။ ပုံမှန်ဈေးဖြစ်ပြီး ဆိုင်ကယ်၊ ကား၊ လိုင်းကားဖြင့် သွားနိုင်၊

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ဂွမြို့နှင့် (၈) ကီလိုမီတာဝေးကွာသော်လည်း တစ်နှစ်ပတ်လုံး ကတ္တရာလမ်းကို အသုံးပြု၍ ကား၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပါသည်။ ဂွမြို့တွင် အိမ်ဆိုင်များနေ့စဉ်ဖွင့်လှစ်ခြင်း မြို့မဈေးရှိခြင်းတို့ကြောင့် ကုန်စည်များဖလှယ်ရာ အဓိကနေရာတစ်ခုဖြစ်ပါသည်။ မြို့ပေါ်တွင် ဆန်ပွဲရုံများ၊ ငါးပုဇွန် အဝယ်ဒိုင်များ၊ စားသောက်ဆိုင်များ၊ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များ ၊ ဆက်သွယ်ရေးပစ္စည်းဆေးဆိုင်များကို အလွယ်တကူ လက်လှမ်းမှီနိုင်ပါသည်။ မြို့ပေါ်တွင် တည်းခိုခန်း(၄)ခုရှိသော်လည်း ဟိုတယ်များ၊ လယ်ယာသုံးစက်ပစ္စည်း (ဥပမာ– လက်တွန်းထွန်စက်) အရောင်းဆိုင်များနှင့် အထူးကုဆေးခန်းများ မရှိကြပါ။ မြို့မဈေးသည် တစ်ထပ်ဆိုင်ခန်းတွဲများနှင့် ဖွဲ့စည်းထား၍ ကုန်စိမ်းတန်း၊ သားငါးတန်း၊ ကုန်ခြောက်တန်း၊ အဝတ်အထည်တန်းနှင့် စက်ပစ္စည်းဆိုင်တန်းများရှိကြပြီး အဆောက်အဦး၏ အရည်အသွေးမှာ အလယ်အလတ် ဖြစ်ပါသည်။

၂.၄။ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၄) **ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း**

စဉ်	ချေးငွေ/အကြွေးရနိုင်သောနေရာ	ငွေကြေးအထောက်အပံ့	ပြန်လည်ပေး ဆပ်မည့် ကာလ	အတိုးနှုန်း (တစ်နှစ်)	အပေါင်ခံပစ္စည်း	လက်လှမ်းမီမှုအနေအထား
၁	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်	ချေးငွေ	၆လ	တစ်နှစ် ၄.၈%	မလို	ပုံသေစည်းမျဉ်း
၂	မြို့နယ်သမဝါယမ	ချေးငွေ/စုငွေ	၆လ	တစ်နှစ် ၇.၂%	မလို	ပုံသေစည်းမျဉ်း
၃	လူငယ်ရံပုံငွေ	ချေးငွေ	၃လ	တစ်နှစ် ၆၀%	မလို	ပုံသေစည်းမျဉ်း
၄	အပေါင်ဆိုင်	ချေးငွေ	တိကျသောကာလ	တစ်နှစ် ၃၆%	လိုအပ်	ပုံသေစည်းမျဉ်း
၅	မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	တိကျသောကာလ	တစ်နှစ် (၅-၁၀)%	မလို	လိုသလောက်မရနိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ကျေးရွာသားများအတွက် ချေးငွေရရှိနိုင်သောအသင်းအဖွဲ့မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်သမဝါယမ၊ လူငယ်ရံပုံငွေနှင့် မိတ်ဆွေ/ဆွေမျိုးများတို့ ဖြစ်ပါသည်။ လက်ဝင်ရတနာရှိသူများအတွက် ဂျမြို့နယ်ရှိပုဂ္ဂလိကအပေါင်ဆိုင်များတွင် ချေးငွေရရှိနိုင်ပါသည်။ လယ်မြေပိုင်ဆိုင်မှုအထောက်အထားရှိ တောင်သူများအနေဖြင့် ဂျမြို့တွင်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB)မှ ဘဏ်ချေးငွေရရှိနိုင်ပါသည်။ ကျေးရွာစိုက်ဘဏ်ကော်မတီ၏ဦးဆောင်မှုဖြင့် MADB ဘဏ်မှ လယ်သမား(၄၃)ဦးမှ ချေးငွေများ ချေးယူထားကြပါသည်။ တောင်သူတစ်ဦးမှ တစ်ဧကလျှင် ငွေကျပ် (၁) သိန်း ချေးယူရရှိပါသည်။ ချေးငွေအနေအထားအရ ယခုနှစ်တွင် (၅)ဧကပိုင်ဆိုင်သော တောင်သူတစ်ဦးလျှင် ကျပ်(၃)သိန်း သာရရှိပါသည်။ ကျေးရွာရှိ လယ်ဧက(၉.၇၁)ဧကပိုင်ဆိုင်သူသည် ဧကအများဆုံးပိုင်ဆိုင်သူ ဖြစ်ပါသည်။ မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် ကျေးရွာရှိသမဝါယမအဖွဲ့အစည်းသို့ (၂)ကြိမ်တိုင် ငွေထုတ်ချေးခဲ့ပါသည်။ အဆိုပါစိုက်သမအဖွဲ့အစည်းမှ အဖွဲ့ဝင်(၄၅)ဦးအား တစ်ဦးလျှင်(၅၀,၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးပါသည်။

၂.၅။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

စဉ်	အကြောင်းအရာ	အန္တရာယ်ရှိမှု	ဖြေရှင်းချက်/ရှင်းလင်းချက်
	သဘာဝသယံဇာတများစီမံခန့်ခွဲခြင်း		
၁	မြေဆီဩဇာ	အသင့်အတင့်	ဓါတုမြေဩဇာများအသုံးပြုခြင်း၊မြေဆီလွှာထိန်းသိမ်းသည့်အလေ့အထများမရှိသေးပါ
၂	သီးနှံဖျက်ပိုးနှင့်ရောဂါနှိမ်နင်းသော အလေ့အကျင့်များ	အသင့်အတင့်	ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းသောနည်းစနစ်များနှင့်အကျွမ်းတဝင်မရှိခြင်း
	ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ		
၃	သစ်တောများပြုန်းတီးလာခြင်း	မြင့်	ထင်းအပါအဝင်သစ်တောထွက်ပစ္စည်းများအလွန် အကျွံထုတ်ယူအသုံးပြုခြင်း
၄	အအေးလွန်ကဲခြင်း	နိမ့်	ပင်လယ်နှင့်နီးသောကြောင့် အပူအအေးလွန်ကဲမှု မရှိပါ
၅	ဆားငန်ရေဝင် ရောက်ခြင်း	မြင့်	ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့်တစ်ချို့ နှစ်များတွင်ရေချိုလျှင်မြန်စွာ ဆုတ်ခွါတတ်ခြင်းတို့ ကြောင့် ရေနက်ကွင်းလယ်ဧက(၅၇)ဧက တွင်မိုးကုန်ပြီးချိန်မှစ၍ နှစ်စဉ်ဆားငန်ရေဝင်ရောက်တတ်ပါသည်။
၆	မိုးသည်းထန်စွာရွာသွန်းခြင်း	အသင့်အတင့်	မိုးများသည်းထန်စွာ ဆက်တိုက်ရွာသွန်းခြင်းကြောင့် သီးနှံများပျက်စီးမှု ရှိတတ်ပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့်ပါတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာ (၄)မျိုးကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

(၁) မြေဆီပျက်စီးလာခြင်း- တောင်သူအများစုသည် သဘာဝမြေဩဇာအစား ခါတုပစ္စည်းများကို အသုံးပြုလာခြင်း၊ သီးနှံတစ်မျိုးတည်းကိုသာနှစ်ရှည်လများစွာ စိုက်ပျိုးခြင်းတို့ကြောင့် မြေဆီလွှာကို အတိုင်းအတာတခုအထိ ထိခိုက်နိုင်ပါသည်။

(၂) သစ်တောများပြုန်းတီးလာခြင်း-ကျေးရွာအနီးတွင် ထင်းစိုက်ခင်းများမရှိခြင်းနှင့် ရွာနှင့်အဝေးရှိသစ်တောမှ ဝါးအပါအဝင် သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူအသုံးပြုခြင်းကြောင့် သစ်တောများ ပြုန်းတီးလာပါသည်။

(၃) သီးနှံဖျက်ပိုးနှင့် ရောဂါနှိမ်နင်းသော အလေ့အကျင့်များ– စိုက်ပျိုးသီးနှံများတွင် ရောဂါနှင့်ပိုးမွှားကျရောက်လာပါက ခါတုပိုးသတ်ဆေးများကို မဆင်မခြင်သုံးစွဲခြင်းတို့ကြောင့် ဆေးယဉ်ပါးပိုးမွှားနှင့်ရောဂါများကို နှိမ်နင်းနိုင်ရန်နည်းပညာများ အားနည်းခြင်းကြောင့် တချို့နှစ်များတွင် သီးနှံများများစွာ ပျက်စီးဆုံးရှုံးကြရပါသည်။

(၄) မိုးသည်းထန်စွာရွာသွန်းခြင်း - ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းများဖြစ်ပေါ်ချိန်တွင် မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့် တစ်ခါတစ်ရံ သီးနှံများပျက်စီးဆုံးရှုံးလေ့ရှိကြပါသည်။

(၅) ရေနက်ကွင်းလယ်ဧက(၅၇)ဧကတွင်မိုးကုန်ပြီးချိန်မှစ၍ နှစ်စဉ်ဆားငန်ရေဝင်ရောက်တတ်ပြီးကိုယ်ထူကိုယ်ထပြုလုပ်ထားသော ဆားငန်ရေတားတာတမံများ ခိုင်ခန့်မှုမရှိခြင်းခြင်းကြောင့် သီးနှံပျက်ဆီးဆုံးရှုံးမှုများ ရှိတတ်ပါသည်။

၂.၅.၂။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား(၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	အလယ်အလတ်	မိုးရေချိန်လက်မများချိန်တွင်လယ်ကွင်းများတွင်ရေမြှုပ်ခြင်းများတွေ့ရ	လယ်ကွင်းများဘေးတွင်ရေထုတ်မြောင်းများကိုကောင်းစွာဖောက်လုပ်ထားခြင်း
မုန်တိုင်း	မြင့်	နှစ်စဉ်နီးပါးကြုံတွေ့နေရ	ပင်လယ်နှင့်နီးကပ်လွန်းသောကြောင့်လေပြင်းမုန်တိုင်းအန္တရာယ်များ နှစ်စဉ်နီးပါး ကြုံတွေ့နေရသော်လည်း စနစ်ကျသော မုန်တိုင်းဒဏ်ကာကွယ်သည့်အစီအစဉ်များချမှတ်မထားပါ
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	အလယ်အလတ်	ဒေါင့်တန်းရောဂါနှင့်ခွါနာလျှာနာရောများရံဖန်ရံခါကျရောက်မှုရှိပါသည်။	ရံဖန်ရံခါကာကွယ်ဆေးထိုးခြင်းနှင့်အခါအားလျော်စွာတိမ်းကွဲနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
လူရောဂါ	နည်း	သာမန်နှာစေးချောင်းဆိုး၊	သားဖွားဆရာမမှ ကျန်းမာရေးစောင့်ရှောက်မှု

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ
ဖြစ်ပွါးမှု		တုတ်ကွေး၊တီဘီရောဂါ၊ ငှက်ဖျားရောဂါမှအပ ကျန်းမာရေးပြဿနာ ကြီးကြီးမားမား မရှိပါ။	ပေးခြင်း၊ဆေးစိမ်ခြင်ထောင်များ အသုံးပြုခြင်း နှင့်ကျန်းမာရေးကော်မတီမှ ကြီးကြပ်ပေးခြင်း
ဆားငန်ရေဝင်ရောက်ခြင်း	မြင့်	နှစ်စဉ်နီးပါးကြုံတွေ့နေရ	ဆားငန်ရေ တားတမံများ ကိုယ်ထူကိုယ်ထ ပြုလုပ်ပြီးသီးနှံပျက်စီးဆုံးရှုံးမှုများလျှော့နည်း အောင်ကြိုးစားကြပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်နှင့်နီးကပ်လွန်းသောကြောင့်လေပြင်း မုန်တိုင်းအန္တရာယ်များ နှစ်စဉ် နီးပါးကြုံတွေ့နေရသော်လည်း စနစ်ကျသော မုန်တိုင်းဒဏ်ကာကွယ်သည့် အစီအစဉ်များ ချမှတ်မထားပါ။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် တစ်ချို့နှစ်များတွင်ရေချို့များ လျှင်မြန်စွာဆုတ်ခွါတတ်ခြင်းတို့ကြောင့် ရေနက်ကွင်းလယ်ဧက(၅၇)ဧကတွင် မိုးကုန်ပြီးချိန်မှစ၍ နှစ်စဉ်ဆားငန်ရေဝင်ရောက်တတ်ပါသည်။

၂.၆။ ပညာရေး

၂.၆.၁။ ပညာတတ်မြောက်မှု

ဧယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	ဇုန်စုနှင့်အထက်၊ ကျောင်းနေလူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၁၂	၈	၂၀	၆.၂%
ဘာသာရေးအခြေပြုပညာရေး	၀	၀	၀	-
မူလတန်းပညာရေးမပြီးဆုံးမီကျောင်းထွက်သူများ	၁၇	၂၅	၄၂	၁၃.၁%
မူလတန်းပညာရေးပြီးဆုံးသူများ	၉၉	၈၂	၁၈၁	၅၆.၄%
အလယ်တန်းပညာရေးပြီး ဆုံးသူများ	၂၄	၂၇	၅၁	၁၅.၉%
အထက်တန်းပညာရေးပြီး ဆုံးသူများ	၇	၁၁	၁၈	၅.၆%
တက္ကသိုလ်ပညာပြီးဆုံးသူများ	၅	၄	၉	၂.၈%
ဇုန်စုအထက်လူဦးရေပေါင်း	***၁၆၄***	***၁၅၇***	***၃၂၁***	၁၀၀%

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစာသင်ကျောင်းကို ၁၉၆၂ခုနှစ်ကတည်းကစတင်၍ ဖွင့်လှစ်သင်ကြားခဲ့သောကြောင့် အသက်(၆၀)ကျော် အဖိုးအဖွား(၂၀)ဦးမှအပ ကျန်သော ကျေးရွာသားများအားလုံးနီးပါး အခြေခံအားဖြင့် ရေးနိုင်ဖတ်နိုင်ကြပါသည်။ ကျေးရွာသားတွင် (၉)နှစ်အထက် လူဦးရေစုစုပေါင်း၏ (၅၆.၄%)သည် မူလတန်းပညာပြီးဆုံး၍ (၁၅.၉%)သည် အလယ်တန်းပညာ

ပြီးဆုံးကြပြီး(၅.၆%)သည် အထက်တန်းပညာရေးပြီးဆုံးကြပါသည်။ ကျေးရွာတွင် ဘွဲ့ရပြီးသူ (၉) ဦးရှိပြီး အစိုးရဝန်ထမ်း(၄) ဦးရှိပါသည်။

ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၂၀	၂၁	၄၁	၁၅၇.၆%
အလယ်တန်း (၁၀-၁၄နှစ်)	၁၁	၁၀	၂၁	၆၇.၇%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၃	၃	၆	
တက္ကသိုလ်ကျောင်းသား၊သူ	၃	၂	၅	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် (၅-၉)နှစ်ကြားမူလတန်းကျောင်းနေ အရွယ်ကလေး (၃၁) ဦးရှိပြီး၊ ၎င်းကလေးများအားလုံး (၁၀၀)%အပြင် တစ်ချို့မူလတန်း ကျောင်းသား/သူများသည် (၉) နှစ်ကျော်နေသော်လည်း ကျောင်းနေနောက်ကျကာ ကျေးရွာရှိမူလတန်းကျောင်းတွင် တက်ရောက် ပညာသင်ကြားနေပါသည်။ အထက်တန်းကျောင်းသား/သူ(၆)ဦးနှင့် အလယ်တန်း ကျောင်းသား/ သူ(၂၁)သည် ကျေးရွာမှ(၅)မိုင်အကွာအဝေးရှိသော ညောင်ချောင်းအထက်တန်းကျောင်းခွဲတွင် သွား ရောက် ပညာသင်ကြားနေကြပြီး ပိုမိုကောင်းမွန်သော ပညာရေးကိုလိုက်မီရန် ကြိုးစားနေကြပါ သည်။ ကျေးရွာမူလတန်းကျောင်း၏ လက်ရှိအခြေအနေမှာ BAJ(အာရှဂျပန်ပေါင်းကူးအဖွဲ့)၏ အထောက်အပံ့ဖြင့် ၂၀၁၂ခုနှစ်တွင် တည်ဆောက်သောမုန်တိုင်းဒဏ်ခံ ကွန်ကရစ်အဆောက်အဦး ပုံစံဖြစ်ပါသည်။ ကျေးရွာမူလတန်းကျောင်းအတွက် ကျောင်းအိမ်သာ (၂)လုံးရှိပြီး လုံလောက်မှုရှိပါ သည်။

၂.၆.၂။ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာဘေးကပ်လျက်			ညောင်ချောင်းကျေးရွာ အလယ်တန်းကျောင်း(၈) ကီလိုမီတာ		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်၊			လမ်းလျှောက်၊စက်ဘီး		
စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်)	၃၀ပေ× ၄၀ပေအမြင့် ၁၅ပေ တစ်ထပ် ကျောင်း			အလျားပေ၇၆၊ အနံပေ ၂၅၊ အမြင့် ၁၈ပေ နှစ်ထပ်ကျောင်း		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း			သွပ်မိုး၊ အုတ်ကာ ၊အုတ်ခင်း		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/ မရှိ)	လုံလောက်မှုရှိ			လုံလောက်မှုရှိ		
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	-	၅	၅	၃	၈	၁၁

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ အာရှဂျပန်ပေါင်းကူးရေးအဖွဲ့(BAJ)၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ခုနှစ်တွင် အလျား ၄၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၅ ပေရှိသော မုန်တိုင်းဒဏ်ခံ အဆောက်အဦး (Cyclone Shelter) ပုံစံကို သိန်း(၇၀၀)ဝန်းကျင်ခန့် အကုန်အကျခံကာ တည်ဆောက်၍မူလတန်း ကျောင်းသားများကို ပညာသင်ကြားစေပါသည်။ ပညာရေးအခြေခံ ပိုမိုကောင်းမွန်စေရန်အတွက် ကျေးရွာအစီအစဉ်ဖြင့် ကျေးရွာရှိဆရာ/ဆရာမ(၂)ဦးကိုကိုယ်ထူ ကိုယ်ထခန့်အပ်ပြီး မူလွန်ကျောင်းသားများအား သင်ကြား စေပါသည်။ ကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲစသော သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိ သည့်အပြင် အတန်းလိုက် အခန်းများကန့်ထားခြင်းမရှိသောကြောင့် ကလေးများပညာ သင်ကြားရာ တွင် သက်တောင့်သက်သာမရှိကြပါ။ ကလေးများ အတွက်ဘောလုံးကွင်း အဖြစ်ကျောင်းရှေ့တွင် ရှိသော မြေကွက်လပ်ကို အသုံးပြုကြပါသည်။

၂.၆.၃။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	ဆရာ/မ လုံလောက်မှုရှိ။
တပည့် ဆရာအချိုး	၈:၁(မူလတန်းပညာရေး)
မူလတန်းပညာ ကျောင်းထွက်နှုန်း	-
မသန်စွမ်းသူများအတွက်ပညာရေး အထူးအစီအစဉ်	အတွေ့အကြုံနှင့်စနစ်အားနည်းပါသည်။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	နိုင်ငံတော်မှကျောင်းသုံးပုံနှိပ်များ၏ အလုံအလောက်ပံ့ပိုးပေးထား သည့်အတွက် လုံလောက်မှု ရှိသော်လည်းကျောင်းတွင် ဗီရို၊ စာသင် ခုံ၊ စားပွဲစသော သင်ထောက်ကူပစ္စည်းများ လုံလောက်မှု မရှိသည့် အပြင် အတန်းလိုက် အခန်းများကန့်ထားခြင်း မရှိပါ။
အလယ်တန်းပညာရေးနှင့် ဆင်းရဲသောကျောင်းသားမိဘများ	တစ်ချို့ဆင်းရဲသော ကျောင်းသားမိဘများသည် စားဝတ်နေရေး မပြည့်လည်မှုကြောင့်၄င်းတို့၏ သားသမီးများကို မူလတန်းပညာရေး ပြီးဆုံးချိန်တွင် ဆက်လက်ပညာသင်ကြားနိုင်ရန် မတတ်နိုင်ကြပါ။
မိဘဆရာအသင်း၏ အခန်းကဏ္ဍ	ပညာရေးကော်မီတီကို(၇)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ပညာရေး ကော်မီတီသည်ကျောင်းနေအရွယ် ကလေးများအားလုံး အချိန်မှီ ကျောင်းအပ်နှံရေး၊ ကျောင်းအားကစားပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရန် ဦးဆောင်၍ ဆောင်ရွက်ပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ လက်ရှိစာသင်ကျောင်းတွင် ဆရာ/ဆရာမ(၅)ဦးရှိပြီး မူလတန်းအဆင့် ကျောင်းသား/သူ (၄၁)ဦး ရှိသောကြောင့် ဆရာမများလုံလောက်မှုရှိပါသည်။ ကျောင်းများစတင် ဖွင့်လှစ်ချိန်တွင် နိုင်ငံတော်မှ ကျောင်းသုံးပုံနှိပ်စာအုပ်များ ပံ့ပိုးပေးထားသည့်အတွက် လုံလောက်မှု ရှိပါသည်။ မိဘဆရာအသင်းကို(၇)ဦးဖြင့်ဖွဲ့စည်းထားပြီးကျောင်နေအရွယ် ကလေးများအားလုံး အချိန်မှီကျောင်းအပ်နှံရေး၊ ကျောင်းအားကစားပွဲများကိုအောင်မြင်စွာကျင်းပနိုင်ရန် ဦးဆောင်၍

ဆောင်ရွက်ပါသည်။ ထို့ကြောင့် ယခင်နှစ်တွင် မူလတန်းအဆင့်ကျောင်းသား/သူ အားလုံး စာသင်နှစ်ကုန်ဆုံးသည်အထိ ကျောင်းတက်ကြပြီး စာသင်နှစ်မကုန်ဆုံးမီ ကျောင်းထွက်သူတစ်ဦးတစ်ယောက်မျှမရှိကြပါ။

၂.၇။ ကျန်းမာရေးနှင့်အာဟာရ

၂.၇.၁။ အဖြစ်များသောရောဂါများ

ဇယား(၃၁) အဖြစ်များသောရောဂါ

၁. သဲဝဲရောဂါ	၂.တုတ်ကွေး	၃. ငှက်ဖျား	၄.တီဘီရောဂါ
၅.	၆.	၇.	၈.

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ကလေးငယ်အများစုသည် ကာကွယ်ဆေးကိုသားဖွားဆရာမ၏ ပန်ဆာင်မှုဖြင့် ပြည့်မီအောင်ရရှိကြပါသည်။ ကျေးရွာအတွင်းရှိလူအားလုံး ယေဘုယျအားဖြင့် အာဟာရပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။ အဖြစ်များသောရောဂါများအနေဖြင့် သာမန်ရောဂါများဖြစ်သော နှာစေးချောင်းဆိုး ၊ တုတ်ကွေး ၊ သဲဝဲရောဂါတို့ဖြစ်ပါသည်။ လွန်ခဲ့သော(၅)နှစ်ခန့်က ငှက်ဖျားရောဂါသည် ကျေးရွာတွင်အဖြစ်များပြီး လူသေဆုံးမှုများခဲ့သော်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကျေးရွာငှက်ဖျားတိုက်ရေးလုပ်သားမွေးထုတ်ပြီး စနစ်တကျဆောင်ရွက်သောကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှုသည် တဖြည်းဖြည်းလျော့ကျသွားပါသည်။

ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးခန်းများ)

ဇယား(၃၂)ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေး ဝန်ဆောင်မှု	**ခရီး အကွာ အဝေး(ကီလို)**	**အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)**	**ကျန်းမာရေး ဝန်ထမ်းဦးရေ**	**ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)**	**မှတ်ချက်**
ကျေးလက် ကျန်းမာရေး ဌာန	ရွာတွင်း၊	လုံလောက်မှုမရှိ	သားဖွားဆရာမ (၁)ဦး	လုံလောက်မှုမရှိ	
ဆေးရုံ	တိုက်နယ်ဆေးရုံ (၈)ကီလို မီတာ ၀ွမြို့	လုံလောက်မှုရှိ	ဆရာဝန်..... သူနာပြု..... ကျန်းမာရေး လုပ်သား	လုံလောက်မှုမရှိ	
ဆေးဆိုင်	(၈) ကီလိုမီတာ ၀ွမြို့	လုံလောက်မှုရှိ			

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။အလယ်ချောင်းအုပ်စုတွင် အလယ်ချောင်းနှင့်ရွာသစ်ကုန်းဟူ၍ ကျေးရွာ(၂)ရွာ ပါဝင်ပြီးရွာသစ်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိပြီး သားဖွားဆရာမ တစ်ဦးရှိပါသည်။ သားဖွားဆရာမသည် ရွာသစ်ကုန်းကျေးရွာတွင် အမြဲတမ်းနေထိုင်ပါသည်။ အလယ်ချောင်းမှ ရွာသစ်ကုန်းကျေးရွာသို့(၂)ဖာလုံခန့်သာ ကွာဝေးပါသည်။ သာမန်ရောဂါများကို ရွာသစ်ကုန်းကျေးရွာတွင် ကုသလေ့ရှိပြီး ရောဂါကြီးကြီးမားမား ဖြစ်ပွားပါက ရွာနှင့်(၈)ကီလိုမီတာ ကွာဝေးသော ဂွမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှု ခံယူကြပါသည်။

၂.၇.၂။ ရေနှင့်သန့်ရှင်းရေး

ဇယား(၃၃)သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၁၈	ကောင်း	√ (၂)	√ (၁၈)	√ (၁၈)	ရေတွင်း(၁၈)တွင်းအနက်(၂)တွင်းသာ လျှင်နွေရာသီအတွက် သုံးရေရရှိပါသည်။
အဝီစိတွင်း အဝီစိတွင်း၊စက်တွင်း ကန် ချောင်း မိုးရေသိုလှောင်ကန် စိမ့်စမ်းရေသွယ်တန်းခြင်း	၁		√	√	√	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်းစုစုပေါင်း (၁၈)တွင်းရှိပါသည်။(၂) တွင်းသာလျှင် တစ်နှစ်ပတ်လုံး ရေရှိပါသည်။ နွေရာသီတွင်သောက်သုံးရေ ဖူလုံရန်အတွက် ရွာနှင့်(၁)မိုင်ခန့်ဝေးသော စိမ့်စမ်းရေမှ သန့်ရှင်းသောသောက်ရေရှိရေးအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားဆဲဖြစ်ပါသည်။ ၄င်းစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက နွေရာသီရေရှားပါးမှုကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

၂.၇.၃။ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား(၃၄)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၄၈	
ကျင်းအိမ်သာ	-	

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
တောထိုင်	၄၃	
စုစုပေါင်း	**၉၁**	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ယင်လုံအိမ်သာအသုံးပြုသူ (၄၈) အိမ်သာရှိပါသည်။ (၄၃) အိမ်မှာ တောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ အိမ်သာကိုလုံလောက်စွာ အသုံးမပြုရခြင်းမှာ အမှုအကျင့်ကို မပြောင်းလဲနိုင်ခြင်း၊ ကျန်းမာရေး ဗဟုသုတအားနည်းခြင်း၊ အိမ်သာဆောက်လုပ်ရန် မြေနေရာမရှိခြင်းနှင့်အိမ်ခြံမြေချဲ့ထွင်ရန်လည်း အခက်အခဲများရှိခြင်းကြောင့်ဖြစ်ပါသည်။ အိမ်ခြံမြေချဲ့ထွင်မည်ဆိုပါက လယ်ယာမြေကို အိမ်ခြံမြေအဖြစ်အသုံးပြုလိုပါက လန- ၃၉ (လယ်ယာမြေကို အခြား နည်းလမ်းအသုံးပြုခွင့်) ရရှိရန်လိုအပ်ပါသည်။

၂.၈။ လမ်းတံတားအခြေအနေ

၂.၈.၁။ ကျေးရွာတွင်လမ်းတံတားတည်ရှိမှု

ဇယား(၃၅)ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုး အ စား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့ သော နှစ်	ရာသီအလိုက် ပွင့်လင်း ရာသီ	သုံးစွဲနိုင်မှု တစ်နှစ် ပါတ်လုံး	လမ်းအရှည် (ကီလိုမီတာ)
ရွာမှမြို့သွားလမ်း	၂	ကောင်း	လွန်ခဲ့သော နှစ်(၄၀)ခန့်က		√	(၈)ကီလိုမီတာ

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား					
တံတား					
ကြိုးတံတား					
ရေပြွန်	၁၀ပေ×၁၂ပေ(ကွန်ကရစ်)	ကောင်း	၂၀၁၂	√	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ရန်ကုန်-၀ွ-သံတွဲကားလမ်းမကြီးနံဘေးတွင် တည်ရှိသောကြောင့် ရွာမှမြို့သို့သွားသောလမ်းမှာ (၈)ကီလိုမီတာရှည်၍ ကတ္တရာလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးကား၊ ဆိုင်ကယ်များ သွားလာနိုင်ပါသည်။

၂.၈.၂။ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၆)ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး(ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း	မရှိ			
ပင်လယ်ရေကြောင်း	မရှိ			

၁ " လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ နူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ရန်ကုန်၊ ဂွမြို့နှင့် သံတွဲမြို့များသို့ ရောက်ရှိရန် ကုန်းလမ်းခရီးကိုသာ အသုံးပြုကြပါသည်။

၂.၈.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၃၇)သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊သမ္ဘာန်	ဆိုင်ကယ်(စက်ဘီး)	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ထော်လာကျီ	ကား	မြင်းလှည်း
အရေအတွက်			၁၉	၂၈	–		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ နူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိသောကြောင့်လှေ၊ သမ္ဘာန် တစ်စင်းမျှမရှိပါ။ ဆိုင်ကယ်(၂၈)စီး၊ စက်ဘီး(၁၉)စီး ရှိပါသည်။

၂.၉။ လျှပ်စစ်မီးရရှိမှု

ဇယား(၃၈)လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း			
ဆိုလာစနစ်			
အသေးစားရေအား လျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်	၆၈	သင့်	
လေစွမ်းအင်			
ဇီဝလောင်စာ			

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ နူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမီးလင်းရေးအတွက် ၂၀၁၀ခုနှစ်ကတည်းက လူငယ်ရံဂွေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ငွေကျပ်(၁၄)သိန်းအကုန်အကျခံပြီး လျှပ်စစ်မီးပေးခဲ့ရာ အိမ်ထောင်စု

(၆၈) အိမ်မှ မီးသွယ် တန်း အသုံးပြုကြပါသည်။ ရေရှည်မီးလင်းရေးအတွက် မီးတစ်ချောင်းလျှင် တစ်လ(၂၄၀၀)ကျပ်နှုန်း ကောက်ခံပြီး လည်ပတ်နေသော်လည်း အချို့ဆင်းရဲသားမိသားစုများ အတွက် လျှပ်စစ်မီးသွယ်တန်းနိုင်ရန် အခက်အခဲများကြုံတွေ့နေရပါသည်။ ဂွမြို့နယ်နှင့် (၁၀) မိုင် အတွင်းတွင် နိုင်ငံတော်အစီအစဉ်ဖြင့် ၂၀၁၆- ၂၀၁၇ခုနှစ်တွင် အကောင်အထည်ဖော်မည့် ပင်မမဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းနိုင်ရန် ရည်မှန်းချက်ထားရှိကြပါသည်။

၂.၁၀။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေအတွက်	၄၇	၅၄	၁၈	–	–	–

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အထိုင်ဖုန်းနှင့်လက်ကိုင်ဖုန်း စုစုပေါင်း(၄၇)လုံးရှိကြပါသည်။ MPT ဆက်သွယ်ရေးကုမ္ပဏီတစ်ခုတည်းသာရှိပြီး အခြားကုမ္ပဏီများမရှိကြပါ။ လက်ကိုင်ဖုန်းလိုင်း မိသော နေရာ(၃)နေရာ ခန့်သာရှိပြီး တယ်လီဖုန်းလိုင်းများ မကောင်းသောကြောင့် အင်တာနက် ကိုလည်း အသုံးမပြုနိုင်ကြပါ။ ကျေးရွာတွင် တီဗွီ (၁၈)လုံး ရေဒီယို (၅၄) လုံးရှိပါသည်။

၂.၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား(၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာပိုင်ကျောင်းဘောလုံးကစားကွင်းတွင်အပျော်တမ်း ဘောလုံးကစားကြပါသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကထိန်ပွဲ၊ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း
အားကစားပစ္စည်းများအားလက်လှမ်းမှီမှု	ရှိ	ကျောင်ဝန်းပိုင်အားကစားကွင်း၊အားကစားပြိုင်ပွဲစသည်တို့တွင်ပါဝင်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာအဖွဲ့အစည်းများတွင် လူငယ်အုပ်စုတစ်ခုအဖြစ် ပါဝင်ခြင်း၊ စေတနာအကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	သင်္ကြန်ပွဲ၊ညောင်ရေသွန်းပွဲတော်များတွင်တတ်ကြွစွာပါဝင်လေ့ရှိခြင်း
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမှီမှု	မရှိ	စာကြည့်တိုက်မရှိပါ။ အင်တာနက် လက်လှမ်း မမှီပါ။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းတွင် လူငယ်များအတွက်အားကစားပြုလုပ်နိုင်ရန် မူလတန်းကျောင်းတွင်းရှိ ဘောလုံးကွင်းကို အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင်းရှိ လူငယ်၊ လူရွယ်များသည် ဝါတွင်းကာလနှင့် ဝါကျွတ်ကာလတွင် ဆွမ်းလောင်းပွဲတော်များတွင် တက်ကြွစွာပါဝင်ကြပါသည်။ လူငယ်များအတွက် အသိပညာ တိုးပွါးရေးနှင့်ဆိုင်သော စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမှီမှုမရှိကြပါ။

၂.၁၂။ ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

၂.၁၂.၁။ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမှီမှု

ဇယား(၄၁)ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု၊ အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	MPT ဆက်သွယ်ရေး ဖြင့် CDMA ဖုံးများ အသုံးပြုနိုင်ပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	
လူထုအခြေပြုသဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ	တိကျသေချာသောအစီအစဉ်မရှိသေးပါ။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	၇မြို့ရဲစခန်းနှင့်(၈)ကီလိုမီတာ အကွာတွင် အကူအညီ ရရှိနိုင်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဘေးကင်းလုံခြုံမှုအတွက် အဓိကအားဖြင့် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှတာဝန်ယူလေ့ရှိပါသည်။ ထို့ပြင် စီဒီအမ်အဖုန်းများကို အသုံးပြု၍ ၇မြို့ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

၂.၁၂.၂။ မှုခင်းဖြစ်ပွားမှု

ဇယား(၄၂)မှုခင်းဖြစ်ပွားမှု

မှုခင်းဖြစ်ပွားမှု	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (**၁၅-၁၇၊ ဇူလိုင်လ၊ ၂၀၁၅**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မှုခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိပါ။ ကျေးရွာတစ်ရွာလုံးတွင် ဘာသာရေး၊ လူမျိုးရေး အထိကရဏီးများ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိသေးချေ။ ယေဘုယျအားဖြင့် ကျေးရွာသည် လုံခြုံမှုရှိ၍ အေးချမ်းတည်ငြိမ်သည်ဟု ဆိုနိုင်ပါသည်။

၃။ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေများ၊

စဉ်	ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အချက်များ	ရှင်းလင်းဖော်ပြချက်
၁	**နိုင်ငံတော်အစိုးရ၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်း
၂	**စိုက်ပျိုးရေး(သီးနှံ)**	• မိုးရေချိန်ကောင်းမွန်စွာရရှိပါ သည်။ • မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ • လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ • TV နှင့် ရေဒီယိုများမှ ဈေးကွက် အခြေ အနေသိရှိနိုင်ပါသည်။ • လုပ်သားအင်အားလုံလောက်မှုရှိပါသည်၊
၃	**မွေးမြူရေး**	• ကျွဲ၊နွား၊ ဝက်၊ များ ရောင်းချရန် ဈေးကွက် ကောင်းမွန် ပါသည် • ကျွဲ၊ နွား၊ဝက်၊ဆိတ်၊ကြက်များကို မိရိုးဖလာမွေးမြူသော အတွေ့အကြုံများစွာ ရှိကြပါသည်။ • ကျွဲ၊နွားအစာများ ပေါများစွာရရှိနိုင်ပါသည်။
၄	**စိုက်ပျိုး၊မွေးမြူရေး မဟုတ်သောအခြားလုပ်ငန်းများ**	• ကျေးရွာသည်ပင်လယ်နှင့် (၃)မိုင်ခန့်အကွာ တွင်တည်ရှိသောကြောင့် ရေနက်ငါးဖမ်းလုပ်ငန်းများလုပ်နိုင်၊ • ခနိရက်လုပ်သောလုပ်ငန်းအားချဲ့ထွင်နိုင်၊
၅	**နေရာဒေသအချက်ချာကျမှု**	• ၀၇-သံတွဲကားလမ်းပေါ်တွင်ရှိခြင်း၊ • ၀၇မြို့နှင့်(၈)ကီလိုမီတာသာကွာဝေးခြင်း၊
၆	**ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား**	• ကျေးရွာတွင် လူငယ်ရံပုံငွေသည် အတိုင်းအတာတစ်ခုအထိ လည်ပတ်နေခြင်း • ကျေးရွာဖွံ့ဖြိုးရေးတွင် လူငယ်များတတ်ကြွ စွာပါဝင်လေ့ရှိခြင်း
၇	**လျှပ်စစ်မီးရရှိမှု**	• ကျေးလက်ဖွံ့ဖြိုးရေးဦးစီးသည် ကျေးလက်မီးလင်းရေး အတွက် အကောင် အထည် ဖော်ဆောင် ရွက်နေခြင်း၊ • အင်ဂျင်ဖြင့်မီးပေးရေးကော်မတီရှိနေပြီးကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ကျေးရွာ မီးလင်းရေးဆောင်ရွက်နေခြင်း၊ • (၂၄)နာရီလျှပ်စစ်မီး၊အားကစားထောက်အကူပြုပစ္စည်းများ ပံ့ပိုးမှုရရှိစေရန် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်၊

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေသော အဟန့်အတားများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	
• ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ဦးဆောင်မှုကဏ္ဍ	• ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် အသက်ကြီးပိုင်း အမျိုးသားများမှသာ လွှမ်းမိုးလေ့ရှိခြင်း • အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုအားနည်းနေခြင်း • လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် အမျိုးသမီးဦးရေပါဝင်မှုနည်းနေခြင်း၊
၂။ စိုက်ပျိုးရေး (သီးနှံ)	
• စပါးသီးနှံအထွက်နှုန်း	• စိုက်ပျိုးရေးနည်းအရင်းအနှီးအားနဲခြင်း • သီးထပ်စိုက်ပျိုးရန်အတွက် နွေရာသီတွင်စိုက်ပျိုးရေ မရနိုင်ခြင်း • စိုက်ပျိုးမြေ ထပ်မံချဲ့ထွင်ရန် မဖြစ်နိုင်ခြင်း • ရံဖန်ရံခါ သီးနှံရောဂါများကျရောက်တတ်ခြင်း • အထွက်နှုန်းကောင်သော သီးနှံမျိုးများလက်လှမ်းမမှီခြင်း
၃။ မွေးမြူရေး • **တိရစ္ဆာန် ကူးစက်ရောဂါများ**	• ကူးစက်ရောဂါကာကွယ်ဆေးများ ပုံမှန်မထိုးခြင်း • ရောဂါဖြစ်ပွားလျှင် ဆေးမီးတိုများဖြင့်သာ ကုသခြင်း • ကျေးရွာတွင် ဒေသခံ မွေးမြူရေးလုပ်သား မရှိခြင်း • မွေးမြူရေးနှင့်ပတ်သက်သောသီးခြားအစုအဖွဲ့များမရှိ ခြင်း၊ • မွေးမြူရေးနည်းပညာနှင့်အရင်းအနှီးအားနဲခြင်း
၄။ ပညာရေး • **ကျေးရွာပညာရေး အဆင့်အတန်း**	• မူလတန်းကျောင်းအဆောက်အဦးတွင်နေရာအကျယ်အဝန်းမလုံလောက်ခြင်း • တစ်ချို့မိသားစုများ ဆင်းရဲလွန်းသောကြောင့် သားသမီးများကို အဆင့်မြင့်ပညာ ဆက်လက်သင်ကြားစေရန် မတတ်နိုင်ခြင်း • မြို့နယ်ပညာရေးဌာနသို့ မူလတန်းလွန်ကျောင်း တရားဝင်အသိအမှတ်ပြုရေးတင်ပြထားသော်လည်း ခွင့်ပြုချက်မရရှိသေးခြင်း
၅။ကျန်းမာရေး၊ သောက်သုံးရေ • ယင်လုံအိမ်သာ အသုံးပြုခြင်း နှင့် နွေရာသီသုံးရေ	• တစ်ချို့အိမ်ထောင်စုများတစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ဆိုင်သောအမူအကျင့်များ မပြောင်းလဲသေးခြင်း • ဆင်းရဲလွန်းသော ကြောင့်တစ်ကိုယ် ရေ သန့်ရှင်းရေးကို • ဂရုမစိုက်နိုင်သော အိမ်ထောင်စုများရှိနေခြင်း • ယင်လုံအိမ်သာစနစ် ကျင့်သုံးသည့်အလေ့အကျင့် မရှိခြင်း • နွေရာသီတွင်ကျေးရွာအတွင်းရှိရေတွင်းအများစု ရေခန်းခြောက်လေ့ရှိခြင်း
၆။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား • လူငယ်များအတွက် အားကစားနှင့်အသိပညာဗဟုသုတ	• လူငယ်များတွင်အသက်မွေးဝမ်းကျောင်းနည်းပညာများအားနဲခြင်း၊ • ကျေရွာတွင် စာကြည့်တိုက် မရှိခြင်း • တယ်လီဖုန်းလိုင်းများ မကောင်းမွန်ခြင်း • ကျေးရွာတွင်အင်တာနက်လူမှုကွန်ယက်များ အသုံးမပြုနိုင်ခြင်း • အားကစားပြုလုပ်နိုင်ရန်အထောက်အကူပစ္စည်းများမပြည့်စုံခြင်း

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၇။ လမ်းတံတား • ကျေးရွာတွင်းလမ်းများ • တောင်ကျရေတားရေနုတ်မြောင်း • ကျေးရွာ၏ မြေဧရိယာအကျယ်အဝန်း	• ကျေးရွာအတွင်းရှိလမ်းများသွားမိုးတွင်းကာလတွင်ရွံ့ဗွက်ထူပြီးသွားလာရခက်ခဲခြင်း • တောင်ကျရေတား ရေနုတ် မြောင်းတိမ်ကောလာခြင်း • ကျေးရွာ၏ မြေဧရိယာအကျယ်အဝန်းကျဉ်းမြောင်းလွန်းခြင်း • ကျေးရွာပတ်ဝန်းကျင်ရှိလယ်ကွင်းများ (လန-၃၉)ရရှိရန်ခက်ခဲသောကြောင့် တချို့အိမ်ထောင်စုများ အိမ်ခြံဝင်းမပိုင်ဆိုင်သေးခြင်း
၈။ သဘာဝဘေးအန္တရာယ် • ရေနက်ကွင်းလယ်များနှင့် ဆားငန်ရေတားနံရံ	• မိုးနှောင်းပိုင်းကာလတွင် ပင်လယ်ရေငန်များ ရေနက်ကွင်းလယ်များသို့ ဝင်ရောက်လေ့ရှိခြင်း • ကိုယ်ထူကိုယ်ထပြုလုပ်ထားသော ရေငန်တားတာတမံများ မကြာခဏ ပျက်စီးလေ့ရှိခြင်း • ရေငန်တားတာတမံတည်ဆောက်နိုင်ရန် ငွေပမာဏများစွာ လိုအပ်ခြင်း
၉။ <u>လျှပ်မီးလင်းရေး</u> • (၂၄)နာရီ အချိန်ပြည့် လျှပ်စစ်မီး	• မီးစက်ဖြင့်လျှပ်စစ်ဓါတ် အားဖြန့်ဖြူးရသည့်အတွက် (၂၄)နာရီ အချိန်ပြည့် လျှပ်စစ်မီးမပေးနိုင်ခြင်း • အဆင်းရဲဆုံးမိသားစုများအနေဖြင့် မီးသွယ်တန်းရန် ငွေကြေးမတတ်နိုင်ခြင်း • မီးစက်မကြာခဏ ပျက်တတ်ခြင်း • လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် နည်းပညာနှင့် စက်သုံးဆီ အခက်အခဲများရှိခြင်း

၅။ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ဧယား (၄၆) -ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
<u>စီမံအုပ်ချုပ်မှုစနစ်</u> အမျိုးသမီးများ၊လူငယ်များတွင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စွမ်းရည်များအားနည်းခြင်း	• ကျေးရွာ၏အရေးကြီးသောဆုံးဖြတ်ချက်များ • ချမှတ်ရာတွင် အမျိုးသမီးများ အပါအဝင် ကျေးရွာသားများအားလုံးပူးပေါင်းပါဝင်လေ့မရှိခြင်း • ငွေကြေးစီမံခန့်ခွဲမှုနည်းပညာအားနည်းခြင်း၊ • ကျေးရွာသူ/သားများအနေဖြင့် လက်ရှိဦးဆောင်နေသူများကိုသာ အားကိုးလွန်းခြင်း။	• အစိုးရမှကျေးလက်ဖွံ့ ဖြိုးရေးဦးစီးဌာနကဦးဆောင်၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်း • ကျေးရွာတွင်ဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားမှုနှင့်တတ်ကြွမှုရှိသော လူငယ်များရှိနေခြင်း • နယ်မြေအေးချမ်းသာယာမှုရှိခြင်း၊	• လက်ရှိကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသက်ကြီးပိုင်းများကလွှမ်းမိုးလေ့ရှိခြင်း • လူငယ်များအပေါ်တွင် ယုံကြည်စွာတာဝန်ပေးသောအတွေ့အကြုံမရှိခြင်း၊ • ဌာနဆိုင်ရာများတွင် ကျေးရွာအဆင့်အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးအတွက် နည်းပညာများအားနဲနေသေးခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများရယူခြင်း၊ • ရေရှည်ဖွံ့ဖြိုးရေးအတွက်အစိုးရဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း	• ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင် စီမံခန့်ခွဲ မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း • လူထုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းရာတွင် မျိုးသမီးများ ပူးပေါင်းပါဝင်စေခြင်း • အဖွဲ့အစည်းဆိုင်ရာနည်းဥပဒေများနှင့် လုပ်နည်းလုပ်ထုံးများ • ရေရှည်ဖွံ့ဖြိုးရေးအ	• ကျေးလက်ဦးစီးဌာန

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
	• ရေရှည်ဖွံ့ဖြိုးရေးအတွက်ဌာဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်သောအလေ့အကျင့်မရှိခြင်း				တွက်အစိုးရအဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	
<u>စိုက်ပျိုးရေး</u> ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များအသုံးမချနိုင်ခြင်းနှင့်စိုက်ပျိုးရေးနည်းပညာများအားနည်းခြင်း	• သီးနှံအချိန်မှီစိုက်ပျိုးထုတ်လုပ်ရန်ရင်းနှီးငွေမလုံလောက်ခြင်း၊ • သီးနှံတွင်ရံဖန်ရံခါရောဂါများကျရောက်တတ်၍ ပျက်ဆီးမှုရှိခြင်း • မိရိုးဖလာဒေသမျိုးကိုသာ စိုက်ပျိုးနေရခြင်း၊ • ဈေးကွက်မတည်ငြိမ်ခြင်း၊ • ဒေသရာသီဥတုနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များရရှိရန်လက်လှမ်းမမီခြင်း၊	• ချေးငွေနှင့် နည်းပညာရရှိရေးအတွက် အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း • အစိုးရတွင် ကျေးရွာများသို့ မြစိမ်းရောင် ကဲ့သို့သော လှည့်ပတ် ရံပုံငွေထူထောင်ပေးသော အစီအစဉ်များရှိခြင်း • ကျေးရွာသားများအနေဖြင့် အထွက်နှုန်းကောင်းသော သီးနှံမျိုး များစိုက်ပျိုးရန် စိတ်အားထက်သန်ခြင်း • မိုးရေချိန်လက္ခဏာလုံလောက်စွာရရှိခြင်း	• အစိုးရမှလယ်သမားများအား ချေးငွေ ထုတ်ချေးရာတွင် ပမာဏအကန့်အသတ်ဖြင့်သာ ထုတ်ချေး ပေးနိုင်ခြင်း • စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများကြားတွင် ပွင့်လင်းမြင်သာစွာ ချိတ်ဆက်ဆောင်ရွက်သော အလေ့အကျင့်မရှိသေးခြင်း • ခိုင်မာသောဈေးကွက်မတည်တောက်နိုင်သေးခြင်း၊	• ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေနှင့် နည်းပညာရရှိရေးအတွက် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း • ဈေးကွက်ခိုင်မာစေရန်ပြည်တွင်းပြည်ပတင်ပို့နိုင်ရေးအစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း • စိုက်ပျိုးရေးပညာရှင်များနှင့် ရင်းနှီး ပွင့်လင်းစွာတိုင်ပင် ဆွေးနွေးခြင်း	• **သီးနှံစိုက်ပျိုးရေးထုတ်လုပ် ရာတွင်အထွက်နှုန်းမြင်မားရေး** • အထွက်နှုန်းကောင်းသောသီးနှံမျိုးများနှင့်နည်းပညာများရရှိ စေရန် စိုက်ပျိုးရေးပညာရှင်များနှင့်လက်တွဲဆောင်ရွက်ခြင်း • စိုက်ပျိုးရေးစံပြစိုက်ကွက်များထူထောင်ခြင်း • ချေးငွေရရှိနိုင်သည့်နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
<u>မွေးမြူရေး</u> • ကျေရွာသားများတွင် မွေးမြူရေးနည်းပညာနှင့် အရင်းအနှီးများ အားနည်းခြင်း	• ကွဲ၊နွားများတွင်ကူးစက်ရောဂါများရံဖန်ရံခါကျရောက်တတ်ပြီးပျက်စီးဆုံးရှုံးမှုများခြင်း • ကျေးရွာသားများအား တိရိစ္ဆာန်များကိုကာကွယ်ဆေးပြည့်မီအောင် ထိုးနှံရန် အစီအစဉ်တကျ စည်းရုံးမှုမရှိခြင်း • မွေးမြူရေးချေးငွေရရှိရန်အတွက်အစိုးရဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း	• ဒေသတွင်းနွားစျေးနှုန်းများကောင်းမွန်နေခြင်း • ကျေးရွာသားအချို့သည် တိရိစ္ဆာန်ကာကွယ်ဆေးများထိုးနှံရန်ဆန္ဒပြင်းပြခြင်း • ကျေးရွာသားများအနေဖြင့် ခေတ်မီတိရိစ္ဆာန်မွေးမြူရေးနည်းပညာများရယူရန်စိတ်ဝင်စားမှုရှိခြင်း • အစိုးရတွင် ကျေးရွာများသို့ မြစိမ်းရောင် ကဲ့သို့သော လှည့်ပတ် ရုံပုံငွေထူထောင်ပေးသော အစီအစဉ်များရှိခြင်း	• ကာကွယ်ဆေးများအား အာနိသင်မပျယ်စေဘဲ သိုလှောင်ရာတွင် အပူချိန် အကန့်အသတ်များရှိနေခြင်း • မြို့နယ်မွေးမြူရေးဌာနတွင်ဝန်ထမ်းများစွာမရှိခြင်း • အစိုးရတွင်မြို့နယ်အတွင်းရှိကျေးရွာအားလုံးသို့ လိုအပ်ချက်များအားလုံး ပံ့ပိုးရန် ဘတ်ဂျက် အခက်အခဲရှိခြင်း	• ကျေးရွာသားများအား စနစ်တကျအမြင်ဖွင့်ခြင်းနှင့် ဒေသခံမွေးမြူရေး သင်တန်းသားမွေးထုတ်ခြင်း • တိမွေးကုဌာနနှင့် ချိတ်ဆက်၍ ကာကွယ်ဆေးများ စနစ်တကျ ပုံမှန်ထိုးနှံခြင်း • မွေးမြူရေးချေးငွေရှိရန်ဌာနဆိုင်ရာများ အပါအဝင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• မွေးမြူရေးလုပ်ငန်းတွင် နည်းပညာနှင့် အရင်းအနှီးပြည့်စုံစေရန် ဆောင်ရွက်ခြင်း • ကျေရွာသားများအား မွေးမြူရေးနည်းနှင့် ပတ်သတ်၍စနစ်တကျအမြင်ဖွင့်သင်တန်းများပေးခြင်း • ဒေသခံမွေးမြူရေးလုပ်သားများပြုစုပျိုးထောင် မွေးထုတ်ခြင်း • မွေးမြူရေးချေးငွေရှိရန်ဌာနဆိုင်ရာများ အပါအဝင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
ပညာရေး • ကျန်းမာရေးတိုးတက်ကောင်မွန်စေရန်အတွက် အစီအမံများအားနည်းနေခြင်း	• စာသင်ခန်းအကျယ်အဝန်းလုံလောက်မှုမရှိခြင်း၊ • ကျောင်းသုံးပရိဘောဂပစ္စည်းပြည့်စုံမှုမရှိခြင်း • မူလွန်ကျောင်းတရားဝင်အသိအမှတ်ပြုမူလက်မှတ်ရရှိစေရန် တင်ပြထားသော်လည်းအကောင်အထည်မဖော်နိုင်သေးခြင်း	• အစိုးရပညာရေးဌာနမှ ကျေးရွာစာသင်ကျောင်းများကိုပံ့ပိုးပေးသောအစီအစဉ်များရှိနေခြင်း • ကျောင်းကော်မတီဖွဲ့စည်းပြီးဖြစ်ခြင်း • မူလွန်ကျောင်းတရားဝင်အသိအမှတ်ပြုမူရရှိစေရန် ကျေးလက်ဦးစီးဌာန၊ ပညာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	• ပညာရေးဌာနသည် မြို့နယ်အတွင်း၊ ကျေးရွာအားလုံးရှိ ကျောင်းများအားလုံးသို့ လိုအပ်ချက်များပံ့ပိုးရန် ဘတ်ဂျက်အခက်အခဲရှိခြင်း • ကျောင်းကော်မတီတွင်ရန်ပုံငွေ မရှိခြင်း၊ • ကျေးရွာတွင်မူလတန်းလွန် ကျောင်းသားဦးရေနည်းလွန်းခြင်း	• အစိုးရပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • ကျောင်းကော်မတီမှဦးဆောင်၍ရံပုံငွေတိုးပွားရေးအစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ခြင်း • ပညာရေးဌာနအပါအဝင်အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊	• ပညာရေးဆိုင်ရာအဆောက်အဦများ၊ ကျောင်းသုံးပရိဘောဂများပြည့်စုံအောင်ဆောင်ရွက်ပြီးအရည်အသွေးပြည့်ဝသည့် သင်ကြားရေးရရှိစေခြင်း။ – ပညာရေးဌာနအပါအဝင်အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ – စာသင်ကျောင်းဆောင်ထပ်မံတိုးချဲ့ခြင်း – နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာမှအစီအစဉ်ချမှတ်ထည့်ဝင်ခြင်း။	

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
<u>ကျန်းမာရေးကဏ္ဍ</u> • ကျန်းမာရေးတိုးတက်ကောင်မွန်စေရန်အတွက် အစီအမံများအားနည်းနေခြင်း	• အချို့အိမ်များတွင် ယင်လုံအိမ်သာမသုံးသောအလေ့အကျင့် မရှိခြင်း • ကျန်းမာရေး အသိပညာနည်းပါးခြင်း • အိမ်ထောင်စု အများစုသည် နွေရာသီတွင်သောက်ရေဖူလုံရန် ခက်ခဲခြင်း	• မြို့နယ် ကျန်းမာရေးဌာနသည် အိမ်တိုင်း ယင်လုံအိမ်သာ သုံးစွဲရေ စီမံချက်များချမှတ် ဆောင်ရွက်နေခြင်း • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌါနမှကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကို အောက်ခြေအထိ ကွင်းဆင်းကာအရှိန်အဟုန်ဖြင့်ဆောင်ရွက်နေခြင်း • ကျေးရွာနှင့်(၁)မိုင်ခန့်အကွာရှိ တောင်စောင်းတွင် တစ်နှစ်ပတ်လုံးရေရရှိနိုင်သောအရင်းအမြစ် ရှိခြင်း	• ကျန်းမာရေးကဏ္ဍ မြှင့်တင်ရန် သီးခြားဦးဆောင်အဖွဲ့အစည်း မရှိသေးခြင်း • တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ဆိုင်သောအမူအကျင့်များ ပြောင်းလဲရန် ခက်ခဲခြင်း • တစ်ချို့အိမ်များသည် ဆင်းရဲလွန်းသောကြောင့်တစ်ကိုယ်ရေသန့်ရှင်းရေးကိုဂရုမစိုက်နိုင်ခြင်း • တောင်စောင်းမှကျေးရွာအထိစိမ့်စမ်းရေသွယ်ယူရန်ကျေးရွာတွင် ကိုယ်ထူကိုယ်ထရံပုံငွေအလုံအလောက်မရှိခြင်း • ကျေးလက်ဦးစီးဌာနတွင် စီမံကိန်းကျေးရွာတိုင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဘတ်ဂျက်အခက်အခဲရှိခြင်း	• ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအမြင်ဖွင့် သင်တန်းများ ရယူခြင်း • အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရန် ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း • ကျေးရွာသောက်သုံးရေဖူလုံရေးကော်မတီဖွဲ့စည်းခြင်း • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ကျန်းမာရေးတိုးတက်ကောင်မွန်စေရန် အတွက်အစီအမံများ ဆောင်ရွက်ခြင်း • ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုရန် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း • ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအမြင်ဖွင့် သင်တန်းများပေးခြင်း • ကျန်းမာရေး ဝန်ထမ်းမှစနစ်တကျ ကြီးကြပ် စစ်ဆေးရေး အစီအစဉ်များ – ကျေးရွာသောက်သုံးရေဖူလုံရေးအဖွဲ့ စည်းခြင်း – ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း – တောင်စောင်းမှကျေးရွာအထိစိမ့်စမ်း	• ကျေးလက်ဦးစီး ဌာန

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
					ရေသွယ်ယူရေးလုပ်ငန်း အကောင်အထည်ဖော်ခြင်း	
<u>လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား</u> • လူငယ်များအသက်မွေးဝမ်းကျောင်းနည်းပညာကျွမ်းကျင်မှုအားနည်း၍ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း	• **လူငယ်များအတွက်** အသက်မွေးဝမ်းကျောင်းနည်းပညာများရရှိစေရန် အထောက်အပံ့ကောင်းများ မရှိခြင်း • လူငယ်အဖွဲ့တွင်ရန်ပုံငွေပမာဏနည်းလွန်း၍အဖွဲ့ဝင်များအားထိရောက်စွာမပံ့ပိုးနိုင်ခြင်း။ • လူငယ်များအင်တာနက်လူမှုကွန်ယက်များနှင့်အလှမ်းကွာဝေးခြင်း	• ကျေးရွာတွင်လူငယ်များသည် အဖွဲ့အစည်းတစ်ခုအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်လေ့ရှိခြင်း • ကျေးရွာတွင်လူငယ်အရေအတွက်များစွာရှိခြင်း။	• ကျေးရွာတွင်လူငယ်များ၏ဇဟူသုတဖွင့်ဖြိုးရေးအတွက် တိကျသော အစီအစဉ်များ ချမှတ်မထားခြင်း၊ • ဌာနဆိုင်ရာ၊အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	• လူငယ်များအတွက် တိုးတက်ဖွံ့ဖြိုးရေးအတွက်အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း • အစိုးရဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊	• လူငယ်များအသက်မွေးဝမ်းကျောင်းနည်းပညာကျွမ်းကျင်မှုသင်တန်းများတက်ရောက်သင်ကြား၍ အလုပ်အကိုင်ရရှိစေခြင်း။ – ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ – လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရယူခြင်း၊	

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက် အဦး များ</u> • **ကျေးရွာရှိလမ်းတံတားများမကောင်းခြင်းနှင့်အိမ်ခြံမြေဧရိယာမလုံလောက်ခြင်း၊**	• ကျေးရွာတွင်းရှိလမ်းများတွင်မိုးတွင်းကာလတွင်ရွံ့ထူတတ်ခြင်း၊ • ကျေးရွာတွင်းလမ်းများမြေသားလမ်းဖြစ်၍ မိုးရေတိုက်စားမှုကြောင့် မကြာခဏ ပျက်စီးခြင်း၊ • ရွာထိပ်ရှိ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော တောင်ကျ ရေတားရေနုတ်မြောင်းမှာ ယာယီအတွက်သာ ရည်ရွယ်ပြီးတည်ဆောက်ထားခြင်း • ကျေးရွာအိမ်ခြံမြေဧရိယာသည် လယ်ကွင်းများ ဖြင့်ဝိုင်းပတ်ထားသောကြောင့်ကျဉ်းမြောင်းလွန်းခြင်း	• ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်း၊တံတားများ ပံ့ပိုးသည့် အစီအစဉ်များ ရှိခြင်း၊ • တောင်ကျ ရေတားရေနုတ်မြောင်းအား အခိုင်အမာချဲ့ထွင်ရာတွင်အသုံးပြုနိုင်ရန်ကျေးရွာအနီးရေချောင်းတွင် သဲကျောက်များစွာရှိခြင်း • ကျေးရွာပတ်ဝန်းကျင်ရှိ လယ်ကွင်းများကို(လန-၃၉) ရရှိရန်တင်ပြ၍ အိမ်ခြံမြေဖြစ်အသွင် ပြောင်းလဲနိုင်ခြင်း၊	• ကျေးလက်ဦးစီးဌာနမှကျေးရွာတွင်းရှိလမ်းများ အဆင့်မြှင့်တင်တည်ဆောက်ရန်ဘားဂျက်အကန့်အသတ်ရှိခြင်း၊ • တောင်ကျ ရေတားရေနုတ်မြောင်းအား အခိုင်အမာချဲ့ထွင်ရန်ငွေကုန်ကြေးကျများလွန်းခြင်း • ကျေးရွာပတ်ဝန်းကျင်ရှိ လယ်ကွင်းများကို(လန-၃၉) ရရှိအောင် တင်ပြတောင်းဆိုရာတွင်အချိန်များစွာကြန့်ကြာတတ်ခြင်း	• ကျေးရွာအခြေခံအဆောက်အဦးကော်မတီဖွဲ့စည်းခြင်း • ကျေးရွာအခြေခံအဆောက်အဦးများအဆင့် မြှင့်တင်ရေးအတွက်ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း • မြို့နယ်မြေစာရင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	• **ကျေးရွာရှိလမ်းတံတားများအဆင့်မြှင့်တင်ခြင်း** • ကျေးရွာအခြေခံအဆောက်အဦးကော်မတီ ဖွဲ့စည်းခြင်း • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • တောင်ကျ ရေတားရေနုတ်မြောင်းအား အခိုင်အမာချဲ့ထွင်အဆင့်မြှင့်တင်ခြင်း • ကျေးလက်အိမ်ယာမြေတိုးချဲ့ခြင်း	• ကျေးလက်ဦးစီးဌာန

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
<u>ကျေးရွာလျှပ်မီးလင်းရေး</u> • (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	• အစိုးရမဟာဓါတ်အားလိုင်းမှကျေးရွာအထိ လျှပ်စစ်မီးသွယ်တန်းရန် အကုန်အကျများလွန်းခြင်း	• ကျေးလက်ဦးစီးဌာနမှ စီမံကိန်းကျေးရွာများ မီးလင်းရေးဆောင်ရွက်နေသည့်အစီအစဉ်များရှိခြင်း၊ • လျှပ်စစ်မီးဖြန့်ဖြူးရေးနှင့် ပတ်သတ်၍အတွေ့အကြုံများရှိခြင်း • အိမ်ခြေ(၆၈) အိမ်သည် မီးကြိုးများ၊မီးချောင်းများ ဝယ်ယူပြီးဖြစ်ခြင်း • ဂွမြို့နှင့်(၈)ကီလိုမီတာသာ ဝေးကွာခြင်း	• ပင်မဓာတ်အားလိုင်းမှ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန်အကုန်အကျများလွန်းခြင်း၊ • ကျေးလက်ဦးစီးဌာန မှ စီမံကိန်းကျေးရွာများ အားလုံးမီးလင်းရေးဆောင်ရွက်ရန် ဘက်ဂျက် များစွာလိုခြင်း၊	• (၂၄)နာရီကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်နိုင်ခြင်း၊ • ကျေးရွာမှထည့်ဝင်ရမည့် ပစ္စည်း၊ငွေကြေးများအတွက်အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း	• (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း – မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်း – ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း – (၂၄)နာရီမီးလင်းရေးအကောင်အထည်ဖော်ခြင်း	•ကျေးလက်ဦးစီးဌာန
သဘာဝဘေး အန္တရာယ် • ရေနက်ပိုင်းရှိလယ်မြေများတွင်ဆားငန်ရေများ နှစ်စဉ်ဝင်ရောက်လေ့ရှိပြီး သီးနှံများပျက်စီးဆုံးရှုံးမှုရှိခြင်း၊	• ရေနက်ကွင်းလယ်မြေများသည် ပင်လယ်နှင့်နီးကပ်စွာတည်ရှိနေခြင်း • ကိုယ်ထူကိုယ်ထပြုလုပ်ထားသောရေငန်တားတာတမံများ မကြာခဏပျက်စီးလေ့ရှိ	• အစိုးရဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း • တောင်သူအများစုသည်ရေငန်တားတာတမံများအခိုင်အမာပြုလုပ်ရန်စိတ်အား ထက်သန်လွန်းခြင်း၊	• အစိုးရဌာနဆိုင်ရာများတွင် ကျေးရွာတိုင်း၏လိုအပ်ချက်များအား ဖြည့်ဆီးရာတွင် ဘတ်ဂျက် အကန့်အသတ်ရှိခြင်း၊ • ရေငန်တားတာတမံများ	• ကျေးရွာသဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီဖွဲ့စည်းခြင်း • အစိုးရဌာနဆိုင်ရာများတွင် အဆိုပြုလွှာတင်သွင်းခြင်း	•ကျေးရွာသဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီဖွဲ့စည်းခြင်း • အစိုးရဌာနဆိုင်ရာများ တွင်အဆိုပြုလွှာတင်သွင်းခြင်း • ရေငန်တားတာတမံ	

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံချက်	မှတ်ချက်
			ခိုင်အမာတည်ဆောက်ရန် ငွေပမာဏများစွာလိုအပ်ခြင်း		များအခိုင်အမာတည်ဆောက်ခြင်းနှင့်နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင်ကျေးရွာမှပူးပေါင်းဆောင်ရွက်ခြင်း။	

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ဂွမြို့နယ်၊အလယ်ချောင်းကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံကိန်းအကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံကိန်းအမည် -
စီမံကိန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)
စီမံကိန်းဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံကိန်း ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံကိန်းစတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ